mgyoe.com SAMPLE BOOK

# တရားရုံး၏ စီရင်ပိုင်ခွင့် နှင့် လယ်ယာမြေ ဥပဒေများ

ဦးမောင်မောင်ညွှန့်



မြန်မာမင်းများနှင့် ဗြိတိသျှအစိုးရ လက်ထက်၊ ဖဆပလ အစိုးရ လက်ထက်၊ တော်လှန်ရေးကောင်စီမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ ကာလ၊ ပြည်ထောင်စုလွှတ်တော်ကာလ ဟူ၍ အပိုင်း ၄ ပိုင်း ခွဲခြားကာ ထိုခေတ်များတွင် ပြဋ္ဌာန်းခဲ့သည့် လယ်ယာမြေဆိုင်ရာ ဥပဒေများနှင့် သက်ဆိုင်ရာ တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များကို လေ့လာမြဲစု ရေးသားတင်ဆက်ထားပါသည်။

mgyoe.com SAMPLE BOOK

ခေတ်အဆက်ဆက် လယ်ယာမြေနှင့် စပ်လျဉ်းသော ဥပဒေ ပြဋ္ဌာန်းချက်များနှင့် စီရင်ထုံးများ၊ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ ပြဋ္ဌာန်းပြီးနောက် လယ်ယာမြေ ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို အဆင့်ဆင့်သော လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များ၏ ဆုံးဖြတ်ချက်များအပေါ် တရားလွှတ်တော်ချုပ်က မည်သို့မည်ပုံ တည့်မတ် ဆုံးဖြတ်ခဲ့ပုံများကို ဤစာအုပ် တစ်အုပ်တည်းတွင် ပြည့်စုံစွာ လေ့လာနိုင်ရန် တင်ဆက်ထားပါသည်။

WISDOM HOUSE

9 789998 602557

mgyoe.com

m g y o e . c o m SAMPLE BOOK

m g y o e . c o m

mgyoe.com SAMPLE BOOK

- လယ်ယာမြေ ဥပဒေကို အဓိပ္ပာယ် ကောက်ယူရာတွင် လွဲမှားမှု မဖြစ်စေရန်နှင့် ကျေးလက်နေ တောင်သူလယ်သမားများ၏ လယ်ယာမြေမှုခင်းများတွင် လိုက်ပါဆောင်ရွက်သည့် မျိုးဆက်သစ် ရှေ့နေများအနေနှင့် ရည်ညွှန်းကိုးကားရမည့် ပြဋ္ဌာန်းချက်နှင့် စီရင်ထုံး၊ စီရင်ချက်များကို တစ်ပေါင်းတည်း ဖတ်ရှုနိုင်စေရန်တို့ကို ရည်သန်၍ ဤစာအုပ်ကို ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များ၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားစာများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကြားနာဆုံးဖြတ်ခဲ့သည့် စီရင်ထုံးနှင့် စီရင်ချက်များကို ဆိုင်ရာအပိုင်းလိုက် ဖော်ပြလျက် ပြုစုရေးသားလိုက်ခြင်း ဖြစ်ပါသည်။

*မိတ်ဆက်စကား* မှ

- ပုဒ်မခွဲ (၁) တွင် အပ်နှင်းထားသည့် အာဏာအရ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မည်သည့်ဒေသရှိ လယ်ယာမြေများကို မည်သည့်နေ့ရက်မှ စတင်၍ နိုင်ငံပိုင် သိမ်းယူလိုက်သည်ဟု ကြေညာခြင်း ပြုပါက ထိုဒေသတွင် ထိုနေ့ရက် မတိုင်မီက ဘိုးဘပိုင်မြေအဖြစ် ပိုင်ဆိုင်ထားသည့် သို့မဟုတ် လက်ဝယ်ထားပိုင်ခွင့်အရဖြစ်စေ၊ အပိုင်ဂရန်ဖြင့်ဖြစ်စေ၊ အငှားဂရန်ဖြင့်ဖြစ်စေ အသုံးပြုခွင့် ရထားသည့်မြေများအားလုံးတွင် ယခင် ဥပဒေအရ ပိုင်ဆိုင်မှု သို့မဟုတ် ဆိုင်ရေးဆိုင်ခွင့်များ အားလုံး ဖျက်ပြယ်သွားသည် ဖြစ်ပါသည်။ ဘိုးဘပိုင်မြေ ဖြစ်သည်၊ ဓားမဦးချ မြေ ဖြစ်သည် ဟူသည့် စကားများ ဆိုခွင့် မရှိတော့ပါ။ ဤအက်ဥပဒေဖြင့် ဖျက်သိမ်းလိုက်ပြီ ဖြစ်ပါသည်။ ထိုဒေသရှိ လယ်ယာမြေ ဟူသည့်စကားရပ်တွင် ပါဝင်သော မြေများအားလုံး နိုင်ငံပိုင် လယ်ယာမြေများအဖြစ်သို့ ရောက်ရှိသွားပါသည်။

*၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ* မှ

mgyoe.com

mgyoe.com SAMPLE BOOK

❑ ယခင် သီးစားချထားရေး ဥပဒေအရ အစိုးရက သီးစားချထားပေးမှုအရ လယ်ယာမြေကို အသုံးပြုခွင့် ရရှိခဲ့သူများသည် ယခု ပြဋ္ဌာန်းသည့် လယ်ယာမြေ ဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို အမည်ပေါက် မရရှိခဲ့လျှင် လယ်ယာမြေနှင့် စပ်လျဉ်းသည့် စိုက်ပျိုးလုပ်ကိုင်မှု အပါအဝင် မည်သည့်အခွင့်အရေးကိုမျှ ရပိုင်ခွင့် မရှိသည်ကို သတိပြုမိသူ လွန်စွာနည်းပါးလှပါသည်။

*လယ်ယာမြေ လုပ်ပိုင်ခွင့် မှ*

❑ လယ်ယာမြေ (ပစ္စည်း) ကို အမွေဆက်ခံခွင့်ဟု ဆိုမထားဘဲ လယ်ယာမြေ လုပ်ပိုင်ခွင့် (အခွင့်အရေး) ကို အမွေဆက်ခံခွင့်ဟု ပြဋ္ဌာန်းထားပါသည်။ အကြောင်းမှာ လယ်ယာမြေကို မည်သူမျှ ပိုင်ခွင့်ပေးမထားဘဲ နိုင်ငံတော်ကသာ ပိုင်ရှင် ဖြစ်ပါသည်။ ထိုသို့ မည်သူမျှ မပိုင်သော လယ်ယာမြေကို မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ရပ်အဖြစ် ခွဲဝေပေးရန် စွဲဆိုလျှင် သဘာဝမကျသော ဆောင်ရွက်ချက်သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဤအမှုတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်ကို ပယ်ဖျက်ခဲ့ပါသည်။

*လယ်ယာမြေကို မည်သူက အမွေမှု စွဲခွင့်ရှိခြင်း မှ*

❑ တောင်သူလယ်သမားတစ်ဦး၏ လယ်ယာမြေ လုပ်ပိုင်ခွင့် ဟူသည် ပြဋ္ဌာန်းထားသည့် လယ်ယာမြေ ဥပဒေအရ နိုင်ငံသားတစ်ဦးအား ပေးအပ်သည့် မြေနှင့်ဆိုင်ရာ အခွင့်အရေးတစ်ရပ် ဖြစ်ပါသည်။ ဤသည်ကို အများပြည်သူ အကျိုးစီးပွားအတွက် အသုံးပြုလိုပါက ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေအရ သိမ်းယူခြင်း၊ ထိုသို့ သိမ်းယူမှုအတွက် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျော်ကြေး၊ နစ်နာကြေး ပေးအပ်ခြင်းတို့ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

*လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း မှ*

❑ ကျေးလက်နေ ပြည်သူများသည် မိမိတို့ မိရိုးဖလာ စိုက်ပျိုး လုပ်ကိုင်နေသည့် လယ်ယာမြေများကို ပိုင်ဆိုင်သည်ဟုသာ မှတ်ယူနေကြပါသည်။ ထိုအတွက် အငြင်းပွားမှုများ ပေါ်ပေါက်လာသည့်အခါ ဥပဒေ တတ်ကျွမ်းနားလည်သူ ရှေ့နေများနှင့် တိုင်ပင်၍ တရားတဘောင် ဖြစ်ခဲ့ကြပါသည်။ ဤတွင် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေတို့အပေါ် အဓိပ္ပာယ် ကောက်ယူချက် ကွဲပြားမှုများကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်အထိ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းခံကာ တက်ရောက် ကုစားနေကြရသည့် ဖြစ်ရပ်များကို ဤစာ ရေးသားတင်ပြချက်များတွင် တွေ့ရှိရမည်ဖြစ်ပြီး ဆောင်ရန်နှင့် ရှောင်ရန် အချက်များကိုလည်း တွေ့မြင်ကြမည်ဟု ယုံကြည်မိပါသည်။

*နိဂုံး မှ*

mgyoe.com

mgyoe.com
SAMPLE BOOK

WISDOM HOUSE
စာအုပ် (၂၇၇)

# တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် လယ်ယာမြေ ဥပဒေများ

## ဦးမောင်မောင်ညွန့်

WISDOM HOUSE

၀၉ ၂၅၄၁၄၈၅၆၈၊ ၀၉၉၅ ၅၀၅၈၅၃၃၊ ၀၉ ၄၃၀၄၁၈၅၇၊
Viber No. 09 2541 48568။
Wisdom House Publishing Facebook Page ကို
@wisdomhousepublishing ဖြင့် ရှာဖွေကြည့်ရှုနိုင်ပါသည်။
https://www.facebook.com/wisdomhousepublishing/

mgyoe.com

mgyoe.com · SAMPLE BOOK

## အသိပေး ကြေညာခြင်း

Wisdom House စာအုပ်တိုက်က ထုတ်ဝေသော စာအုပ်များကို တစ်အုပ်လုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မိတ္တူကူးယူ၍ ရောင်းချခြင်းကိုလည်းကောင်း၊ မီဒီယာများပေါ်တွင် အီးဘုတ် (E-book) ပြုလုပ်ရောင်းချခြင်းကို လည်းကောင်း၊ YouTube Channel, Facebook အစရှိသည်တို့တွင် အသံစာအုပ်အဖြစ် ထုတ်လွှင့်ခြင်းကိုလည်းကောင်း ခွင့်ပြုထားခြင်း လုံးဝမရှိကြောင်းအသိပေးအပ်ပါသည်။ ထိုသို့ ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် မူပိုင်ခွင့် ချိုးဖောက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်မည် ဖြစ်ကြောင်း မမှန်ကန်သော နည်းလမ်းဖြင့် စီးပွားဖြစ် လုပ်ကိုင်နေသူများ သိရှိစေရန် ကြေညာအပ်ပါသည်။

စာဖတ်သူများကို လေးစားလျက်
Wisdom House စာအုပ်တိုက်

| | |
|---|---|
| ပထမအကြိမ် | စက်တင်ဘာလ၊ ၂၀၂၄ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက် (မြဲ-၀၀၄၇၁)<br>အခန်း (၁၀၁)၊ တိုက် (၅၆)၊<br>အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း<br>ကာလာဇုန်ပုံနှိပ်တိုက် (မြဲ - ၀၀၁၄၂)၊<br>အမှတ် (၁၈၄)၊ (၃၁) လမ်း (အထက်)၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကြီးငွေး |
| အတွင်းအပြင်အဆင် | H. Lwin |
| တည်းဖြတ် | အေးကျော်မင်း |
| တန်ဖိုး | ကျပ် ၂၀၀၀၀ |

mgyoe.com

mgyoe.com SAMPLE BOOK

## ဦးမောင်မောင်ညွန့်

အဖ ဦးတင်ညွန့်၊ အမိ ဒေါ်တူးတို့မှ ဧရာဝတီတိုင်း ဒေးဒရဲမြို့တွင် ၁၉၅၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့၌ မွေးဖွားသည်။ အခြေခံပညာများကို မန္တလေးမြို့ စိန့်ပီတာကျောင်း၊ ပဲခူးမြို့ အထက (၃)၊ ရန်ကုန်မြို့ ဗိုလ်တထောင် အထက (၆) တို့တွင် သင်ယူ၍ ၁၉၇၁ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို အောင်မြင်သည်။ ၁၉၇၇ ခုနှစ် တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ဘူမိဗေဒအဓိကဖြင့် သိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် အထက်တန်းရှေ့နေစာမေးပွဲ၊ မှတ်ပုံတင်ရှေ့နေစာမေးပွဲများ ဖြေဆို အောင်မြင်ခဲ့သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် နိုင်ငံရေးသိပ္ပံဌာန၌ နည်းပြအဖြစ် ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် မြို့နယ်ပြည်သူ့ကောင်စီရုံး ဒုတိယရုံးအဖွဲ့မှူးအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပုဇွန်တောင်မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ တာမွေမြို့နယ်၊ သိန္နီမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

ထို့နောက် ရတနာပဒေသာကုမ္ပဏီလီမိတက်၊ ဘူမိမြန်တိုင်းတာခွန် မာတ်သတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက်၊ ရသာချိစက်မှုလက်မှုလုပ်ငန်းလီမိတက်တို့တွင် ဒုတိယအထွေထွေမန်နေဂျာ၊ အထွေထွေမန်နေဂျာ စသည့် တာဝန်များကို ဆောင်ရွက်ကာ အသက် ၆၀ ပြည့်သည့် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဝန်ထမ်းလုပ်ငန်းတာဝန်များမှ အနားယူခဲ့သည်။

ဝန်ထမ်းဘဝမှ လုံးဝ အနားယူပြီးနောက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ဥပဒေစာအုပ်များ၊ နိုင်ငံတကာမှ ဥပဒေများကို အီးဘုတ် (e-book) များ ပြုလုပ်၍ ဒီဗီဒီချပ်တွင် ထည့်သွင်းကာ မြန်မာနိုင်ငံအနှံ့မှ ဥပဒေ လေ့လာသူများထံ ပညာဒါနအဖြစ် အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် မြေသိမ်းဥပဒေလက်စွဲ၊ ရှေ့နေလိုက်ပါသူများအက်ဥပဒေ၊ သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အောက်မြန်မာပြည် မြေနှင့်အခွန် အက်ဥပဒေ၊ အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေ၊ အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေ၊ နည်းဥပဒေတို့ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုစု၍ ခရေးဖူးစာပေ၊ ရွှေမိုးယံစာပေတို့က ထုတ်ဝေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် မြေနှင့်ဆိုင်ရာဥပဒေ လေ့လာချက် စာတမ်းများ၊ ယစ်မျိုးအက်ဥပဒေဆိုင်ရာ သိဖွယ်ရာ စာတမ်းများကို စာအုပ်အဖြစ် ရွှေမိုးယံစာပေ၊ Wisdom House စာပေတို့က ထုတ်ဝေ ဖြန့်ချိခဲ့ပါသည်။ ထို့နောက် မြေနှင့်ဆိုင်ရာပြဿနာများအတွက် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ အမျိုးမျိုးတို့အရ ဥပဒေအချင်းချင်း သဟဇာတ ဖြစ်ခြင်း၊ ပဋိပက္ခ ဖြစ်ခြင်းတို့ကို လေ့လာ၍ စာတမ်းများ ရေးသားကာ စာအုပ်အဖြစ် Wisdom House စာပေက ဆက်လက် ရေးသား ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် Facebook လူမှုကွန်ယက်တွင် မြေနှင့်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို Maung Maung Nyunt ဟူသည့် အမည်ဖြင့် နေ့စဉ် ရေးသား မျှဝေပေးနေသည်။

ယခုအခါ မည်သည့် ရာထူးကိုမျှ ရယူခြင်း မပြုဘဲ မြန်မာနိုင်ငံအနှံ့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကပြည်သူများ၏ မြေနှင့်ဆိုင်ရာ ပြဿနာများအတွက် မေးမြန်းချက်များကို ဥပဒေရှုထောင့်သက်သက်မှ စေတနာအလျောက် အခမဲ့ ဖြေကြားပေးမှု ပြုကာ မိသားစုနှင့်အတူ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


❑ မိတ်ဆက်စကား က

❑ နိဒါန်း ၁

အပိုင်း (၁) မြန်မာမင်းများနှင့် ဗြိတိသျှအစိုးရလက်ထက်

၁။ မြန်မာမင်းများလက်ထက် စီရင်ဆုံးဖြတ်မှု ၅

၂။ ဗြိတိသျှ အုပ်ချုပ်မှုကာလ ၇

အပိုင်း (၂) ဖဆပလ အစိုးရလက်ထက်

၁။ ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ၁၃

၂။ ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ ၁၅

၃။ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ၂၀

၄။ လယ်ယာမြေ ဟူသည့် စကားရပ်အပေါ် ၁၉၆၂ ခုနှစ် စီရင်ထုံး ၂၆

အပိုင်း (၃) တော်လှန်ရေးကောင်စီမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလ

၁။ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ ၃၃

၂။ သီးစားချထားရေး ဥပဒေနှင့် ပြည်သူ့ကောင်စီ ၄၅

၃။ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလ ၄၉

၄။ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေနှင့် တရားရုံး ၅၀

၅။ ဗဟိုမြေယာကော်မတီ၏ ညွှန်ကြားမှု ၅၅

၆။ သီးစားမှုခင်းနှင့် တရားရုံး ဆုံးဖြတ်မှုများ ၅၇

၇။ သီးစားချထားရေး ဥပဒေအရ စစ်ဆေးပြီးခဲ့သည့်အမှု ၅၉

၈။ သီးစားချထားရေး ဥပဒေနှင့် စာချွန်တော် ၆၃


mgyoe.com

mgyoe.com SAMPLE BOOK

## အပိုင်း (၄)၊ ပြည်ထောင်စုလွှတ်တော်ကာလ


၁။ လယ်ယာမြေ ဥပဒေ ပြဋ္ဌာန်းခြင်း ၆၅
၂။ လယ်ယာမြေ လုပ်ပိုင်ခွင့် ၆၈
၃။ လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားခြင်း ၇၁
၄။ လယ်ယာမြေ ဥပဒေ မပြဋ္ဌာန်းမီက လက်ငုတ်ဖြစ်သူ ၇၃
၅။ လက်ရှိထားပိုင်ခွင့် ၇၆
၆။ လယ်ယာမြေကို မည်သူက အမွေမှု စွဲခွင့်ရှိခြင်း ၇၈
၇။ လယ်ယာမြေကို အမွေပုံပစ္စည်းတွင် ထည့်သွင်းခြင်းအတွက် စီရင်ချက် ၈၂
၈။ လယ်ယာမြေကို ဓလေ့ထုံးတမ်းအရ ခွဲဝေပေးမှုအပေါ် စီရင်ချက် ၈၄
၉။ လုပ်ပိုင်ခွင့်ရထားသည့် လယ်ယာမြေကို အမွေမှုတွင် ထည့်သွင်းခြင်းအတွက် စီရင်ထုံး ၈၆
၁၀။ လုပ်ပိုင်ခွင့် မရသူက အမွေခွဲဝေပေးရန် စွဲဆိုသည့်အမှု စီရင်ချက် ၈၈
၁၁။ ပုံစံ (၇) မရှိသော လယ်ယာမြေအတွက် အမွေမှု စွဲခွင့် မရှိခြင်း ၉၀
၁၁။ လယ်ယာမြေ လုပ်ကိုင်ခွင့် ရရှိရေး ဆောင်ရွက်ရန် ၉၆
၁၂။ လုပ်ပိုင်ခွင့်အတွက် အပြိုင်လျှောက်ထားခြင်း ၉၈
၁၃။ ဥပဒေနှင့် ညွှန်ကြားချက် ကွဲလွဲခဲ့မှု ၁၀၀
၁၄။ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှု ဟူသည် ၁၀၄
၁၅။ ဖြေရှင်းရန်နည်းလမ်း ညွှန်ကြားစာများ အသစ်ထုတ်ပြန်မှု ၁၁၁
၁၆။ အမွေဆက်ခံခြင်းနှင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ၁၁၃
၁၇။ အမွေဆက်ခံခွင့်လက်မှတ်ဟု ဆိုရာတွင် ၁၂၀
၁၈။ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ လက်မှတ်ရေးထိုးခြင်း ၁၂၅
၁၉။ အမွေဆက်ခံပြီးနောက် ဦးပိုင် ခွဲခြင်း၊ ပေါင်းခြင်း ၁၃၀
၂၀။ လယ်ယာမြေကို အခြားနည်း သုံးစွဲခြင်းနှင့် တရားစီရင်ထုံး ၁၃၅
၂၁။ မြေနုကျွန်းအတွက် လယ်ယာမြေ ဥပဒေနှင့် တရားရုံး ၁၄၀
၂၂။ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိခဲ့သောမြေကို ကျူးကျော်မှု ၁၄၅
၂၃။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း ၁၅၀
၂၄။ ပျက်ပြယ်နေသော လုပ်ပိုင်ခွင့် ၁၅၇
၂၅။ အမှုသည်အဖြစ် ပါဝင်ခြင်း မရှိသူများအရေး ၁၆၁
၂၆။ လှည်းဆိပ်အတွက် မြေယာမှုခင်း ၁၆၅
၂၇။ အသုံးပြုခွင့်ရသူနှင့် လယ်ယာအလုပ်သမား ၁၆၈
၂၈။ မှတ်ပုံမတင်သော စာချုပ်ဖြင့် လွှဲပြောင်းခြင်း ၁၇၄
၂၉။ လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် အဂတိ ၁၈၁
- နိဂုံး ၁၈၅
- နောက်ဆက်တွဲ - လယ်ယာမြေ ဥပဒေ ၁၈၇


mgyoe.com

mgyoe.com SAMPLE BOOK

## မိတ်ဆက်စကား

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် 'လယ်ယာမြေ ဥပဒေ' နှင့် စပ်လျဉ်း၍ မိမိအနေဖြင့် လယ်ယာမြေကို အမွေဆက်ခံခြင်း ကိစ္စရပ်များအတွက် 'လယ်ယာမြေနှင့် အမွေမှု' ဟူသည့် စာအုပ်ကို ရေးသား၍ ခရေဖူးစာပေမှ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်ကို မည်မျှ ဂယနဏ ဖတ်ရှုသည်မသိ၊ လယ်ယာမြေ အမွေဆက်ခံခြင်းအတွက် လေလှိုင်းမှ တစ်ဆင့် အောက်ပါမေးခွန်းတစ်ရပ် ရောက်ရှိလာပါသည်-

*'လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဝေစု တောင်းခံခြင်း၌ ပထွေးအမည်ဖြင့် ပုံစံ (၇) အမည်ပေါက် ထွက်ရှိနေသည့် မိခင်ဖြစ်သူ အမွေရ လက်ထက်ပွား လယ်ယာမြေနှင့် ပထွေးနှင့် မိခင်တို့ လက်တက် လက်ထက်ပွား လယ်ယာမြေတို့အား မယားပါ သားသမီးနှင့် နှစ်ပါးစုံ သားသမီးများ အမွေခွဲဝေရေးနှင့် ပတ်သက်၍ မယားပါ သားသမီးများ၏ အမွေဝေစု ရရှိနိုင်ခြင်း မည်သို့ရှိမည်ကို သိလိုပါသည်။'*

မေးမြန်းလာသူအနေနှင့် ဥပဒေပညာ အခြေခံ ရှိနေသဖြင့် ဓမ္မသတ်များအပေါ် အခြေပြု၍ ကာလ၊ ဒေသ၊ ပယောဂ အခြေအနေများအရ ခေတ်အလိုက် တရားလွှတ်တော်က ထုံးဖွဲ့ဆုံးဖြတ်ချက်များကို လိုက်နာကျင့်သုံးရသည့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေပါ စကားရပ်များဖြင့် မေးမြန်းလာသည်ကို တွေ့ရပါသည်။ သို့ရာတွင် မေးခွန်းရှင် အနေဖြင့် ပစ္စည်းတစ်ရပ်ကို အမွေရှင်က ပိုင်မှသာလျှင် အမွေဆက်ခံမည့် အမွေခံများက ပိုင်ဆိုင်မှု ရရှိခံစားနိုင်သည် ဆိုသည့်အချက်ဖြစ်ပါသည်။ အမွေရှင် မပိုင်သည်ကို အမွေ ပစ္စည်းဟု မည်သို့ဆိုပါမည်နည်း။

မြေနှင့် စပ်လျဉ်း၍ မြန်မာမင်းများလက်ထက်တွင် အရာတော်မြေ၊ ဘိုးဘပိုင်မြေ၊ ဝတ္တုကံမြေ ဟူ၍ အတိအလင်း အသိအမှတ်ပြုခဲ့၍ ဘိုးဘပိုင်မြေများတွင် ဓမ္မသတ်များ အရ စီရင်ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် ဗြိတိသျှတို့၏ ကျူးကျော်စစ် ၃ ကြိမ်ဖြင့် မြန်မာ နိုင်ငံကို သိမ်းယူခဲ့ပြီးနောက် အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည် ဟူ၍ နှစ်ပိုင်း



mgyoe.com

mgyoe.com


ခွဲ၍ ဥပဒေများ ခွဲခြားပြဋ္ဌာန်းခဲ့သည်ကို မျက်ခြည်မပြတ်ရန် လိုအပ်ပါသည်။ ထိုဥပဒေများတွင် နိုင်ငံပိုင်မြေနှင့် စပ်လျဉ်း၍ တရားရုံးများ၏ စီရင်ပိုင်ခွင့်ကို ပိတ်ပင်ထားချက်များ ရှိလာသည်ကို သတိပြုကြရန် လိုအပ်ပါသည်။

ထိုမှသည် လွတ်လပ်ရေး ရရှိပြီးနောက် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်း၍ လယ်ယာမြေများကို လွှဲပြောင်းခွင့်များအပေါ် ဥပဒေက အတိအလင်း သတ်မှတ်ခဲ့သည်ကိုလည်း သတိပြုရပါမည်။ ထို့နောက် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူပြီးနောက် ၁၉၆၃ ခုနှစ်တွင် သီးစား ချထားရေး ဥပဒေ ပြဋ္ဌာန်း၍ လယ်သမားတို့ကို အစိုးရထံမှ သီးစားခံယူ လုပ်ကိုင်ခြင်းကိုသာ ခွင့်ပြုခဲ့မှု၊ လယ်ယာမြေနှင့် စပ်လျဉ်း၍ သီးစားခံယူ လုပ်ပိုင်ခွင့်သာ ရရှိသဖြင့် ပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်တို့ကို တရားရုံးများက စီရင်ခွင့်အပေါ် အတိအလင်း ပိတ်ပင်ခဲ့ပါသည်။ ဤသည်မှာ ၁၉၆၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိပင် ဖြစ်ပါသည်။ ဤကာလတွင် လယ်ယာမြေကို လုပ်ကိုင်ခဲ့သူများသည် ပိုင်ဆိုင်ခွင့်ဟူသည် မရှိသကဲ့သို့ အမွေဆက်ခံခွင့် ဟူသည်လည်း မရှိပါ။

ထိုမှသည် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က လယ်ယာမြေ ဥပဒေကို ပြဋ္ဌာန်းလိုက်သည့်အခါတွင်မှ လယ်ယာမြေ လုပ်ပိုင်ခွင့် ရှိသူသည် လယ်ယာမြေကို လက်ဝယ်ထားရှိခွင့်၊ စိုက်ပျိုး လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ဟူသည့် အခွင့်အရေး သုံးရပ် ရရှိခဲ့ပါသည်။ ထိုအခွင့်အရေးများအရ လယ်ယာမြေ ဥပဒေနှင့်အညီ လွှဲပြောင်းခွင့်၊ အမွေဆက်ခံခွင့် ဟူသည် ပေါ်ပေါက်လာပြီး အချို့သော ကိစ္စရပ်များတွင် တရားရုံး၏ အဆုံးအဖြတ်ကို ခံယူခွင့်ရသည် ဖြစ်ပါသည်။ ဤသို့ လယ်ယာမြေနှင့် စပ်လျဉ်း၍ ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကို သိရှိမှု မရှိဘဲ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေမျှသာ သိပြီး မေးမြန်းလာချက်ဖြစ်သောကြောင့် မေးခွန်းရှင်၏ အမေးကို ပြန်လည်ဖြေကြားမှု မပြုခဲ့ပါ။

၂၀၁၂ ခုနှစ်တွင် လယ်ယာမြေ ဥပဒေကို ပြဋ္ဌာန်းပြီးနောက် ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) ပါ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့် ဟူသည့်အချက်သည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူ (ပုံစံ-၇ အမည်ပေါက်ရရှိသူ) ၏ အခွင့်အရေးသာ ဖြစ်သည့်အပေါ် တရားရုံး အဆင့်ဆင့်၏ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ၊ သီးခြား သက်သာခွင့် ဥပဒေတို့အရ ဆုံးဖြတ်ထားချက်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စီရင်ထုံးများအဖြစ် ထုံးဖွဲ့ဆုံးဖြတ်ကာ ပယ်ဖျက်ခဲ့သည်များကိုလည်း မျက်ခြည်မပြတ်ရန် အရေးကြီးပါသည်။ သို့မှသာ မေးခွန်းရှင်အတွက် မှန်ကန်သည့် အဖြေတစ်ရပ် ရရှိလာမည် ဖြစ်ပါသည်။

လယ်ယာမြေနှင့် စပ်လျဉ်း၍ လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ ပြဋ္ဌာန်းခဲ့သော ဥပဒေများသည် ဆိုရှယ်လစ်စနစ်ကို အခြေပြု၍ ပြဋ္ဌာန်းခဲ့သည်ဖြစ်ရာ လယ်ယာမြေကို နိုင်ငံ


mgyoe.com

mgyoe.com


တော်ကသာ ပိုင်ဆိုင်၍ တောင်သူလယ်သမားများအား နိုင်ငံတော် စီမံကိန်းနှင့်အညီ စည်းကမ်းသတ်မှတ်ချက်ဖြင့် စိုက်ပျိုးခွင့်သာ ပေးခဲ့ပြီး ပိုင်ဆိုင်ခွင့် မပေးခဲ့ပါ။ သို့ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြဋ္ဌာန်းပြီးနောက် အခြေခံ ဥပဒေနှင့် ဆန့်ကျင်သည့် ဥပဒေများကို ရုပ်သိမ်း၍ အသစ်ပြန်လည် ပြဋ္ဌာန်းရာတွင် ၂၀၁၂ ခုနှစ်၌ လယ်ယာမြေ ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ပြဋ္ဌာန်းလိုက်သည့် ဥပဒေတွင် အားနည်းချက်၊ ချို့ယွင်းချက်များ ပါရှိနေသဖြင့် ထိုအားနည်းချက်ကြောင့် ပေါ်ပေါက်လာသည့် ပြဿနာများကို တရားရုံးတွင် ကုစားခြင်းများ ပေါ်ပေါက်လာပါသည်။ ဤတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော် လျှောက်ထားမှုများ ဖြစ်ပေါ်လာစေပါသည်။

ပြည်သူအများစု နိစ္စဓူဝ ထိတွေ့ဆက်နွယ်နေသော မြေယာကိစ္စများသည် ဥပဒေ တစ်ရပ် ပြဋ္ဌာန်းထားရုံမျှဖြင့် လုံလောက်မှုရှိသည် မဟုတ်ပါ။ တည်ဆဲဥပဒေ မတိုင်မီက အစိုးရ အဆက်ဆက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ၏ အကျိုးဆက်များကိုလည်း ဆက်စပ်စဉ်းစားကြရန် လိုအပ်ပါသည်။ ယခင်က လက်ငုတ်မြဲမှုကိုသာ အခြေပြုခဲ့ရာမှ လက်ဝယ်ထားရှိခွင့် အခွင့်အရေး ဟူသည်မှာ ပေါ်ပေါက်လာသည်ဖြစ်ရာ ယင်းနှင့် စပ်လျဉ်း၍ ခေတ်ကာလအလိုက် ပေါ်ပေါက်လာသည့် မြေပြင်အခြေအနေများနှင့် ယှဉ်တွဲသုံးသပ်ကာ ဥပဒေကို ပြင်ဆင်မှုများလုပ်ရန်လည်း လိုအပ်ပါသည်။

လယ်ယာမြေ ဥပဒေကို ၂၀၂၀ ပြည့်နှစ်တွင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်များ ပြဋ္ဌာန်းခဲ့သည်ဖြစ်သော်လည်း ဖြစ်ပေါ်နေသော ပြဿနာများကို ပြေလည်သွားစေမည့် ပြဋ္ဌာန်းချက်များ လိုအပ်နေဆဲ ဖြစ်ပါသည်။ ထို့ပြင် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဥပဒေ၏ မူသဘောနှင့် ကွဲလွဲမှု မရှိစေရေးအတွက် လိုအပ်သော အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားစာများကို ထုတ်ပြန်ပေးရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နောင်တစ်ချိန်တွင် လယ်ယာမြေ ဥပဒေကို ထပ်မံပြင်ဆင်ခြင်းပြုမည် ဖြစ်ပါက လယ်ယာမြေအတွက် ခေတ်အဆက်ဆက် ပေါ်ပေါက်၍ တရားရုံးအထိ ရင်ဆိုင်ဖြေရှင်းခဲ့သည့်ကိစ္စများ၊ တည်ဆဲ လယ်ယာမြေ ဥပဒေအရ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်အထိ တက်ရောက်ဖြေရှင်းရသည့် ကိစ္စများကို အခြေပြု၍ ကျေးလက်နေ တောင်သူလယ်သမားများ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမှုများ မဖြစ်စေရန် ရှင်းလင်း ပြတ်သားသည့် ဥပဒေ ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းရေးအတွက် အထောက်အကူတစ်ရပ် ဖြစ်စေရန် လည်းကောင်း၊ လယ်ယာမြေ ဥပဒေကို ပြင်ဆင်မှု မပြုနိုင်မီ ကြားကာလတွင် လယ်ယာမြေနှင့် ဆက်နွယ် ပတ်သက်နေသူများအနေဖြင့် လယ်ယာမြေ ဥပဒေကို အဓိပ္ပာယ် ကောက်ယူရာတွင် လွဲမှားမှု မဖြစ်စေရန်လည်းကောင်း၊ ကျေးလက်နေ တောင်သူလယ်သမားများ၏ လယ်ယာမြေ မှုခင်းများတွင် လိုက်ပါ ဆောင်ရွက်သည့် မျိုးဆက်သစ် ရှေ့နေများအနေနှင့် ရည်ညွှန်း ကိုးကားရမည့် ပြဋ္ဌာန်းချက်နှင့် စီရင်ထုံး၊ စီရင်ချက်များကို တစ်ပေါင်းတည်း ဖတ်ရှုနိုင်စေရန်လည်းကောင်း ရည်သန်၍


mgyoe.com

mgyoe.com SAMPLE EBOOK



ဤစာအုပ်ကို ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များ၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားစာများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ကြားနာဆုံးဖြတ်ခဲ့သည့် စီရင်ထုံးနှင့် စီရင်ချက်များကို ဆိုင်ရာအပိုင်းအလိုက် ဖော်ပြလျက် ပြုစုရေးသားလိုက်ခြင်း ဖြစ်ပါသည်။

ဦးမောင်မောင်ညွန့်



mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

၂၀၁၂ ခုနှစ်တွင် လယ်ယာမြေ ဥပဒေကို ပြဋ္ဌာန်းပြီးနောက် အဆိုပါ ဥပဒေနှင့် စပ်လျဉ်း၍ တောင်သူ လယ်သမားများ သိနားလည်စေရန် မိမိသည် ဆွေးနွေးဟောပြောမှုများကို မြန်မာနိုင်ငံ ဒေသ တချို့သို့ သွားရောက်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆွေးနွေးရာတွင် လယ်ယာမြေကို အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် တရားရုံးတွင် တရားစွဲဆိုနေကြသည့်အကြောင်းကို တောင်သူလယ်သမား တို့ထံက ကြားသိရပါသည်။ သို့ဖြစ်၍ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ၏ အရေးပါမှုနှင့် လယ်ယာမြေကို အမွေဆက်ခံခြင်းအကြောင်းများကို အဓိကထား ဆွေးနွေးခဲ့ပါသည်။

သို့ရာတွင် လယ်ယာမြေသည် မရွှေ့မပြောင်းနိုင်သော ပစ္စည်း ဖြစ်၍ တရားမမှု စွဲဆိုနိုင်သည် ဟု ပြန်လည်ဆွေးနွေးသူ ရှေ့နေတချို့နှင့်လည်း ကြုံခဲ့ရပါသည်။ ယင်းတို့အနေဖြင့် လယ်ယာမြေ ဥပဒေသည် အထူးဥပဒေ ဖြစ်သည်၊ ထိုဥပဒေ မတိုင်မီက ပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့် မည်သို့ ချိတ်ဆက် စဉ်းစားရမည်တို့ကို အလေးမထားကြပါ။ နောက်ဆုံး ပြည်ထောင်စု တရားလွှတ်တော်ချုပ် က၂၀၁၅ ခုနှစ်၊ တရားမ အယူခံမှု အမှတ် (၄၃၆) ဖြင့် **ဒေါ်ခင်ဆွေမြင့် နှင့် ဦးဝင်းရွှေ (ခ) ဦးဝင်းဆွေ ပါ ၃ (၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး)** စာ-၁၇ စီရင်ထုံးတွင် '၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ ပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကို ဥပဒေနှင့်အညီ တရားရုံး၏ အဆုံးအဖြတ် ခံယူနိုင်သော အခွင့်အရေးမှာ လယ်ယာ မြေ လုပ်ပိုင်ခွင့် ရရှိထားသူသာ ရရှိသော အခွင့်အရေး ဖြစ်ခြင်း'အတွက် ဆုံးဖြတ်ပေးခဲ့သော်လည်း ထိုစီရင်ထုံးကို တိကျရှင်းလင်းမှု မရှိဟု ဆိုသည့်သူများကလည်း ဆိုကြပါသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စီရင်ထုံးဖြင့် ဖွင့်ဆိုပြသော်လည်း ထိုနောက်ပိုင်းတွင်ပင် လယ်ယာမြေကို အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုတွင် ထည့်သွင်း စွဲဆိုမှုကို မြန်မာနိုင်ငံအနှံ့ ကြားသိနေရသဖြင့် မိမိအနေနှင့် 'လယ်ယာမြေ ဥပဒေနှင့် အမွေမှု' ဟူ၍ ရေးသား၍ ခရေဖူးစာပေ



mgyoe.com

mgyoe.com 

က ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေပေးခဲ့ပါသည်။ ထိုစာအုပ်တွင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေတို့အရ လယ်ယာမြေများ၏ အခန်းကဏ္ဍနှင့် လယ်ယာမြေ ဥပဒေအရ ပုံစံ (၇) ၏ အရေးပါမှု၊ ပုံစံ (၇) မရှိသော လယ်ယာမြေကို အမွေပုံတွင် ထည့်သွင်းစွဲဆို၍ မရမှု၊ ပုံစံ (၇) မရှိသူက ပုံစံ (၇) ရှိသူကို အမွေပုံတွင် လယ်ယာမြေ ထည့်သွင်း၍ တရားရုံးတွင် စွဲဆိုခွင့် မရှိမှုတို့ကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားစာတို့ဖြင့် ရှင်းလင်း ဖော်ပြ ရေးသားခဲ့ပါသည်။

ယခုအခါ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ထုတ်ဝေသည့် 'တရားမ အထူးအယူခံမှု စီရင်ချက်များ (၂၀၁၁ ခုနှစ် - ၂၀၂၁ ခုနှစ်)၊ ပထမတွဲ (အမွေမှုများ)' ဟူသည့်စာအုပ်တွင် လယ်ယာ မြေကို အမွေပုံပစ္စည်း၌ ထည့်သွင်းစွဲဆိုမှုများအတွက် လက်အောက်ခံ တရားရုံးများက ဆုံးဖြတ်ပေး နေကြသည့်အပေါ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တရားမ အထူးအယူခံမှုအဖြစ် လက်ခံ ကြားနာပြီး ပြင်ဆင်ဆုံးဖြတ်ပေးရသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ပြည်ထောင်စု တရား လွှတ်တော်ချုပ်ကပင် ထုတ်ဝေသည့် 'ရွေးချယ်ထားသော စာချွန်တော် လျှောက်ထားမှု အပြီးသတ် အမိန့်များ (၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ)' ဟူသည့်စာအုပ်တွင်လည်း လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များ၏ ဆုံးဖြတ်ချက်များအပေါ် အမှုခေါ် စာချွန်တော် ထုတ်ဆင့်ခဲ့သည်များကို တွေ့ရပါသည်။ သို့ဖြစ်၍ 'လယ်ယာမြေနှင့် အမွေမှု' ဟူသည့် စာအုပ်မျှနှင့် မလုံလောက်တော့ဟု ယူဆမိသဖြင့် ယခု 'တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် လယ်ယာမြေ ဥပဒေများ' ဟူ၍ ရေးသားလိုက်ရပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၁)

# မြန်မာမင်းများနှင့် ဗြိတိသျှအစိုးရလက်ထက်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

# မြန်မာမင်းများလက်ထက် စီရင်ဆုံးဖြတ်မှု

မြန်မာဘုရင်များလက်ထက်က အရေးပါလှသည့် မနုကျယ် ဓမ္မသတ်၊ အဠမတွဲတွင် မြေသေ မြေရှင် တရား ဟူသည်နှင့် မြေကို ပိုင်ခြင်း ခုနစ်ပါး အကျယ်စကား ဟူ၍ ပါရှိပါသည်။ မြေသေ မြေရှင် တရား ဟူသည်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

*'မြတ်သောမင်းကြီး၊ အကြင်လူတို့၌ မြေသေ၊ မြေရှင်ဟု ပိုင်စုတွင် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မြေသေ ဟူရာ၌ သူရဲမြေ အစုအဝန်းကို ပေးသောမြေ၊ သူကြီး ပြည်စိုး၊ မြေတိုင်တောကဲ၊ စာချီစာမား အကြီးအကဲတို့ စားစု မင်းဧကရာဇ်က နယ်ပယ်နှင့်ပေးသောမြေ၊ အဘေးအစဉ်ရှည်စွာက မျိုးရိုးစဉ်ဆက် အအုပ်အကြီးတို့ စားစု၊ လုပ်စုမြေ၊ သည်မြေများသည် မြေသေမည်၏။ မြေရှင် ဟူရာ၌ ၎င်းမြေသေမှ ကြွင်းသော ဘေးဘိုးမိဘက ဆင်းသက်၍ အမွေရသောမြေ၊ သူတထူး ရောင်း၍ ဝယ်ရာ ရသောမြေ၊ သူတထူး ပေး၍ ရသောမြေ၊ မဆီးမတားအသိအမြင် ဆယ်နှစ်လုပ်၍ ပိုင်သောမြေ၊ တောကို ခုတ်ထွင် တည်ကျင်း၍ ရသောမြေ၊ စမြင်၊ မြေတိုင်း၊ အကြီး၊ အအုပ်တို့ ပေးရသောမြေ၊ သည်မြေရပ်များသည် မြေရှင် မည်၏။ သို့ကား ဆိုတုံ၏။ စမြင်၊ မြေတိုင်း၊ အကြီး၊ အအုပ် ပေးသော်လည်းကောင်း၊ လယ်ရှင် မဆီးမတား လုပ်သော်လည်းကောင်း၊ တောကို တည်ထွင်၍ လုပ်သော်လည်းကောင်း၊ ထိုမြေကိုပိုင်သူ အဆုံးအပိုင် ရောင်း၍ ဝယ်သော် လုပ်ပိုင်၊ စားပိုင်၊ မြေပိုင် မှန်စေ။ ရောင်းသူရှိစဉ်ရွေးရကောင်းသည်ဆိုသော် မရွေးသာ။ သို့သော်လည်း ရောင်းသူရှိလျက် ဝယ်သူ သေသော်ရောင်းသူက ရွေးစေ။ ၎င်းသူ သေသော် အရာထမ်း ရှိလျှင် ရွေးက ရွေးစေ။'*

အထက်ပါအတိုင်း 'မြေသေ' ဟူသည်နှင့် 'မြေရှင်' ဟူသည်ကို ခွဲခြားပြပြီး မြေပိုင်ခြင်း ခုနစ်ပါး အကျယ်စကား ဟူ၍ အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

mgyoe.com

mgyoe.com
SAMPLE BOOK


*'မြတ်သောမင်းကြီး၊ မြေပိုင်ခြင်း ခုနစ်ပါး အပြားရှိသတည်း။ ခုနစ်ပါး ဟူသည်ကား ၁။ ဘိုးဘွား၊ မိဘတို့က အမွေရ၍ ပိုင်သောမြေ တစ်ပါး၊ ၂။ ဝယ်၍ပိုင်သော မြေ တစ်ပါး၊ ၃။ မြေတိုင်း၊ စမြင်၊ တောကဲတို့ ချပေး၍ ပိုင်သောမြေ တစ်ပါး၊ ၄။ ဥစ္စာရှင်ရင်းတို့ အထိန်းအသိမ်း မရှိ၍ တောကို ခုတ်ထွင် တီကျင်း၍ ပိုင်သောမြေ တစ်ပါး၊ ၅။ သူတစ်ပါးသို့ ပေး၍ ပိုင်ခြင်းတစ်ပါး၊ ၆။ အရှင်စိုးမင်း ပေးချသနားတော်မူ၍ ပိုင်ခြင်း တစ်ပါး၊ ၇။ သူတထူးတို့ မြေကို မတားမဆီး မဟန့် ဆယ်နှစ်ကျော်၊ ဆယ်နှစ်မြောက် မြေရှင်တို့ အသိအမြင်လုပ်၍ ပိုင်သည် တစ်ပါး။ ဤခုနစ်ပါးပြင် မြေနှင့် စပ်သည်ကို ပိုင်ခြင်း မရှိပြီ။ ထိုသို့ ပိုင်ခြင်း ခုနစ်ပါးကို ဗိုလ်ပါအပေါင်းတို့ သိစေရာ၏။ ၎င်းမြေတွင် အစဉ်ဆက်ရာ မဆက်ရာ ပေါက်ဖော်စုတို့အညီ မပိုင်ရာ ပိုင်ရာကို ဆိုခဲ့ပြီးသည်။ အထက်မြေမှုအတိုင်း မှတ်သား စီရင်ရာ၏။'*

ဤသည်ကား မြန်မာမင်းများလက်ထက် မြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်သည်ဟု ဆိုပါက စိစစ်ရန် သတ်မှတ်ထားသည့် ဓမ္မသတ်ပါ ပြဋ္ဌာန်းချက် ဖြစ်ပါသည်။

မြန်မာမင်းများလက်ထက်တွင် ပြည်သူပြည်သား တစ်ဦးချင်း၊ တစ်မိသားချင်းအနေနှင့် မြေကို ပိုင်ဆိုင်သည် သို့မဟုတ် ပိုင်ဆိုင်ထိုက်သည်ဟု ဆိုပါလျှင် ဓမ္မသတ်များအရ ကြားနာ စီရင် ဆုံးဖြတ်ခဲ့ပါသည်။ ရှေးမြန်မာမင်းများလက်ထက်တွင် ဓမ္မသတ် အများအပြား ရှိခဲ့သည်ကို ကင်းဝန်မင်းကြီး ဦးကောင်းက ဓမ္မသတ်များကို အကြောင်းအရာအလိုက် တိုက်ညှိ၍ တစ်ပေါင်းတည်းဖြင့် အောက်ပါ ဓမ္မသတ် နှစ်စောင်ကို ပြုစုခဲ့ပါသည်-

(၁) အိမ်ထောင်မှုခန်း ဓမ္မသတ်ကျမ်း (၃၆ စောင်တွဲ)၊

(၂) အမွေမှုခန်း ဓမ္မသတ်ကျမ်း (၃၄ စောင်တွဲ)။

ပြည်သူပြည်သားတို့ပိုင်သည့် မြေများနှင့် စပ်လျဉ်း၍ အငြင်းပွားမှုများကို ဓမ္မသတ်များအရ စီရင်ဆုံးဖြတ်ခဲ့သော်လည်း နန်းတွင်းရှိ မင်း၊ မိဖုရားတို့ ပိုင်သည့် အရာတော်မြေများတွင် လုပ်ကိုင် စားသောက်ခွင့် ပေးထားသည့်အပေါ် အငြင်းပွားမှု ပေါ်လာပါလျှင်မူ ဓမ္မသတ်များအရ ဆုံးဖြတ်ခြင်း မပြုဘဲ ရာဇသတ်နှင့်အညီ လွှတ်တော်က ဆုံးဖြတ်သည်ကို ဒေါက်တာတိုးလှ ပြုစုရေးသားသည့် 'လယ်ယာမြေ သက္ကရာဇ်တွေထဲက သမိုင်း' ဟူသည့် စာအုပ်တွင် လေ့လာ တွေ့ရှိရပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

(၂)

# ဗြိတိသျှ အုပ်ချုပ်မှုကာလ

ဗြိတိသျှ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိသည့်အခါ အောက်မြန်မာပြည်အတွက် မြေနှင့် အခွန် အက်ဥပဒေ (The Land and Revenue Act, 1876) အရလည်းကောင်း၊ အထက်မြန်မာပြည်ကို သိမ်းယူပြီးနောက် အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေ (The Upper Burma Land and Revenue Regulation, 1889) အရလည်းကောင်း လယ်ယာမြေများကို စီမံခန့်ခွဲခဲ့ခြင်းကို တွေ့ရပါသည်။

အောက်မြန်မာပြည်နှင့် သက်ဆိုင်သည့် မြေနှင့်အခွန် အက်ဥပဒေတွင် ပုဒ်မ ၅၆ ၌ တရားရုံးများ၏ စီရင်ပိုင်ခွင့်ကို ပိတ်ပင်ခြင်းအတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၅၆။ အထက်တွင် အတိအလင်း ပြဋ္ဌာန်းခဲ့သည့် အချက်များမှအပ မည်သည့် တရားမ တရားရုံးကမျှ အောက်ပါအမှုများတွင် စီရင်ပိုင်ခွင့် မရှိစေရ-

(က) ပုဒ်မ ၅၅ ၏ ပထမ ခြွင်းချက်တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်၊ တောင်းဆိုမှုနှင့် အငြင်းပွားမှုများ၊

(ခ) အခွန်တော် အုပ်ချုပ်ရေးဆိုင်ရာ ရုံးတစ်ရပ်ရပ် သို့မဟုတ် အဆိုပါ ရုံးနှင့် သက်ဆိုင်သည့် အခကြေးငွေတစ်ရပ်ရပ် သို့မဟုတ် ခြွင်းချန်ခြင်း၊ ရာထူးချထားခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း တစ်ရပ်ရပ်ကြောင့် ထိခိုက်နစ်နာခြင်း တစ်ရပ်ရပ်အပေါ် တောင်းဆိုမှုများ၊

(ဂ) ပုဒ်မ ၂၀ အရဖြစ်စေ၊ ပုဒ်မ ၂၁ အရဖြစ်စေ မြေကို ချထားခွင့်ပြုခြင်းနှင့် ယင်းသို့ ချထားပေးမှုကို ကန့်ကွက်ခြင်းဆိုင်ရာ တောင်းဆိုမှုများ၊

(ဃ) ဤအက်ဥပဒေအရ ထမ်းဆောင်ရန် ဖြစ်သည့် သို့မဟုတ် ပေးဆောင်ခဲ့သည့် မြေခွန်တော်၊ အခွန်၊ ဘုန်း၊ အခ၊ အကောက် သို့မဟုတ် တာဝန်ရှိမှု တစ်ရပ်ရပ်အတွက် ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် ပြန်လည် ထုတ်ပေးရန် တောင်းဆိုမှုများ၊



mgyoe.com

mgyoe.com SAMPLE BOOK


(င) တိုးတက်မှု ဖြစ်ပေါ်စေရန် ဆောင်ရွက်ချက်တစ်ရပ်ရပ်အတွက် ပုဒ်မ ၁၃ အရ လျော်ကြေး ရထိုက်ခွင့်ရှိမှု သို့မဟုတ် ပမာဏအတွက် အငြင်းပွားမှုများ။

ဤသို့ ပြဋ္ဌာန်းချက် ရှိသည် မှန်သော်လည်း 'ရွေးချယ်ထားသော စီရင်ချက်နှင့် စီရင်ထုံးများ (Selected Judgement and Rulings)' စာအုပ်ပါ ၁၈၉၀ ပြည့်နှစ်၊ တရားမ အယူခံမှု အမှတ် (၃၉) ဖြစ်သည့် **မောင်စံရ နှင့် မောင်ကို ပါ ၄၊** (Maung San Ya v. Maung Ko and three others, S.J.L.B. 506 စီရင်ထုံးတွင် လယ်မြေ အငြင်းပွားမှုတွင် တရားရုံး၏ စီရင်ပိုင်ခွင့်အတွက် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်ခဲ့သည်ကို တွေ့ရပါသည်-

မြေနှင့် အခွန် အက်ဥပဒေ၏ ပုဒ်မ ၁၉ အရ မြန်မာပြည် အစိုးရက ထုတ်ပြန်သည့် နည်းဥပဒေများအရ မြေကို ယာယီ လက်ရှိထားရန် တောင်းဆိုမှု တစ်ရပ်ရပ်မှ ပေါ်ပေါက်သည့် အမှုသည်များအကြား အငြင်းပွားမှုတွင် တရားမ တရားရုံးအနေနှင့် စီရင်ပိုင်ခွင့် မရှိရန် အကြောင်း မမြင်ပေ။

ထိုနောက်ပိုင်းတွင် မြေနှင့်အခွန် အက်ဥပဒေတွင် အတိအလင်း ပိတ်ပင်ထားခြင်း မရှိသည့် အမှုများအတွက် တရားမ တရားရုံးများအနေနှင့် စီရင်ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးများကို အများအပြား တွေ့ရပါသည်။

အောက်မြန်မာပြည် မြေနှင့်အခွန် အက်ဥပဒေတွင် တရားရုံး၏ စီရင်ပိုင်ခွင့်ကို ပိတ်ပင်သည့် ပြဋ္ဌာန်းချက် ပါရှိသကဲ့သို့ အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေတွင်လည်း ပုဒ်မ ၅၃ ၌ ပြဋ္ဌာန်းထားပါသည်။ ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များမှ အောက်ပါအချက်ကို ထုတ်နုတ်တင်ပြလိုပါသည်-

၅၃။ ဤစည်းမျဉ်းဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းချက်မှအပ-

(၁) နိုင်ငံတော် သမ္မတက သို့မဟုတ် ဤစည်းမျဉ်းဖြင့် အခွင့်အာဏာ လွှဲအပ်ထားသော အခွန်အရာရှိက စီမံ ခန့်ခွဲနိုင်သည့် မည်သည့်အမှုကိစ္စရပ်ကိုဖြစ်စေ၊ ဤစည်းမျဉ်းအရ သို့မဟုတ် ဤစည်းမျဉ်းဖြင့် ယင်းတို့ကို အပြီးအပိုင် အပ်နှင်းထားသည့် အာဏာကို ကျင့်သုံး၍ နိုင်ငံတော် သမ္မတက သို့မဟုတ် အခွန်အရာရှိက ဆောင်ရွက်သည့် ကိစ္စရပ်များကိုဖြစ်စေ တရားမ တရားရုံးက စီရင်ပိုင်ခွင့် မရှိစေရ၊ အထူးအားဖြင့်

(၂) အခွန်အရာရှိကသာ သီးခြားအရေးယူ ဆောင်ရွက်ရသော အောက်ပါ ကိစ္စတစ်ရပ်ရပ်အပေါ် တရားမ တရားရုံး၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်း မပြုရ။ ယင်းတို့မှာ-

(၁) နိုင်ငံပိုင်မြေ တစ်စုံတစ်ရာကို ကန့်သတ်ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စတစ်ရပ်ရပ်၊

(၂) နိုင်ငံမြေကို ပိုင်ဆိုင်ခြင်း သို့မဟုတ် လက်ဝယ် ထားရှိခြင်း သို့မဟုတ် ထိုမြေကို မြေခွန် ကင်းလွတ်၍သော်လည်းကောင်း၊ သက်သာသော မြေခွန်နှုန်းဖြင့်ဖြင့်သော်လည်းကောင်း လက်ရှိ ရယူခြင်း။ ထိုမြေကို အာမခံအဖြစ် လက်ဝယ် ထားရှိရန်


mgyoe.com

mgyoe.com

SAMPLE BOOK

> သို့မဟုတ် အခြားအကျိုးအမြတ်ဖြစ်စေ၊ ငှားရမ်းခဖြစ်စေ၊ အမြတ်ဖြစ်စေ၊ ထုတ်လုပ်မှု တစ်ရပ်ဖြစ်စေ၊ ထိုမြေမှ ရရှိရန်အတွက် တောင်းဆိုမှု တစ်ရပ်ရပ်။

ယင်းသို့ ပြဋ္ဌာန်းထားသည့်အပေါ် အစောပိုင်း စီရင်ထုံးများ ဖြစ်သည့် အောက်ပါ စီရင်ထုံးများတွင် နိုင်ငံပိုင်မြေများအတွက် တရားမ တရားရုံးက စီရင်ပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခဲ့ပါသည်-

(၁) မောင်အောင်ပြည့် နှင့် မောင်ရန်ဖြိုး (Maung Aung Byi *v*. Maung Yan Byo, 1892-96, 2 UBR, 634)၊

(၂) မောင်သာအောင် နှင့် မောင်စံကေး၊ Maung Tha Aung *v*. Maung San Ke, 1897-01, 2 UBR, 207)၊

(၃) မောင်နတ် ပါ ၂ နှင့် မမိ၊ [(1) Maung Nut and (2) Maung Bwin *v*. Ma Mi, 1897-01, 2 UBR, 209]၊

(၄) မောင်ကဲ နှင့် မောင်ဖိုးနီ၊ (Maung Ke *v*. Maung Po Ni, 1897-01, 2 UBR, 211)၊

(၅) မောင်ညွန့် နှင့် မောင်ပေါ် ပါ ၂၊ (Maung Nyun *v*. Maung Paw and one, 1902-03, 2 UBR. Civ. Pro., 1)၊

(၆) မကြီး နှင့် ရွှေစင်၊ (Mi Ma Gyi *v*. Nga Shwe Zin, 1904-06, 2 UBR. Land Rev., 1)၊

(၇) မမင်းဒွေး နှင့် မမခင်၊ ကြေးမြင်မိဖုရား၊ (Mi Min Dwe *v*. Ma Ma Khin, Kyimyin Mibaya, 1904-06, 2 UBR. Land Rev., 5)။

ယင်းသို့ အစဉ်တစိုက် စီရင်ဆုံးဖြတ်လာရာမှ ပုဒ်မ ပြဋ္ဌာန်းချက်ပါ 'အခွန်အရာရှိကသာ သီးခြားအရေးယူ ဆောင်ရွက်ရသော' ဟူသည့် စကားရပ်အတွက် ဘဏ္ဍာတော်မင်းကြီးနှင့် တရားရေးမင်းကြီးတို့၏ စာနှင့် ညွှန်ကြားစာများကို အခြေပြု၍ **မြန်မာ့ရေနံကုမ္ပဏီလီမိတက် နှင့် ဘိုင်ဂျနတ်ဆင်း ပါ ၂** (Burma Oil Co., Ltd. v. Baijnath Singh and one, 1917-20, UBR, 212) စီရင်ထုံးဖြင့် ယခင်စီရင်ထုံးများကို လွှမ်းမိုးပယ်ဖျက်၍ အောက်ပါအတိုင်း ထုံးဖွဲ့စီရင် ဆုံးဖြတ်ခဲ့ပါသည်-

> နိုင်ငံပိုင်မြေကို ပိုင်ဆိုင်မှု သို့မဟုတ် လက်ဝယ် ထားရှိမှုအတွက်ဖြစ်စေ၊ ယင်းမြေကို ဆက်ခံခွင့် တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အဆိုပါမြေမှ အခြားသော အကျိုးခံစားခွင့်အတွက်ဖြစ်စေ၊ ယင်းမြေ၏ ငှားရမ်းခ သို့မဟုတ် အကျိုးအမြတ် သို့မဟုတ် ထွက်ကုန်အပေါ် တစ်စုံတစ်ရာ ရရှိရန် ဖြစ်စေ ပုဂ္ဂလိကအချင်းချင်း အငြင်းပွားမှုတွင် အဆုံးအဖြတ်ပေးရန်အတွက် အထက်မြန်မာပြည် မြေနှင့် အခွန် စည်းမျဉ်း ဥပဒေ၏ ပုဒ်မ ၅၃ (၂) (၂) သည် သာမန်အားဖြင့် တရားမ တရားရုံးများ၏ စီရင်ပိုင်ခွင့်ကို ပိတ်ပင်ခြင်း မရှိပေ။

အမှု၏ စီရင်ချက်တွင် ပုဒ်မ ၅၃ (၂) (၂) ပါ တောင်းဆိုမှု (claim) ဟူသည့် စကားရပ်ကို အကျယ်တဝင့် သုံးသပ်ခဲ့သည်ကို တွေ့ရပါသည်။ တောင်းဆိုမှု ဆိုရာတွင် နိုင်ငံတော်နှင့် ဆန့်ကျင်


mgyoe.com

mgyoe.com  SAMPLE BOOK

ဘက်ပြု၍ တောင်းဆိုမှု (Claims as against the State) ဟူသည့် စကားရပ်နှင့် မတူခြားနားကြောင်း သုံးသပ်ပါသည်။ ထိုမှသည် နောက်ပိုင်းတွင် တရားရုံးများက လယ်ယာစိုက်ပျိုးမြေများအတွက် ပုဂ္ဂလိကအချင်းချင်း အငြင်းပွားမှုများကို လက်ခံကြားနာ စီရင်မှု ပြုကြပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၂)

# ဖဆပလ အစိုးရလက်ထက်

mgyoe.com

mgyoe.com



mgyoe.com

m g y o e . c o m SAMPLE BOOK

(၁)

# ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ

၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်ရပ်အဖြစ် ရောက်ရှိလာသောအခါ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၃၀ တွင် အောက်ပါအတိုင်း ပါရှိခဲ့ပါသည်-

၃၀။ (၁) နိုင်ငံတော်သည် မြေအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။

(၂) ဤအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ မြေယာပိုင်ခွင့် စနစ်များကို စည်းမျဉ်းတကျ ဖြစ်စေရန်သော်လည်းကောင်း၊ လွှဲပြောင်းရန်သော်လည်းကောင်း၊ ဖျက်သိမ်းရန်သော်လည်းကောင်း နိုင်ငံတော်၌ အခွင့်အရေး ရှိရမည်။ သို့တည်းမဟုတ် မည်သည့် မြေယာကိုမဆို ပြန်လည် သိမ်းယူပြီးလျှင် ထိုမြေယာကို စုပေါင်း စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ သမဝါယမ စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများသို့ဖြစ်စေ ဝေငှပေးရန် အခွင့်အရေး ရှိရမည်။

(၃) မည်သည့်အခြေခံစနစ်နှင့်မျှ မြေယာ အမြောက်အမြား ပိုင်ဆိုင်ခွင့် မရှိစေရ။ တစ်ဦးတည်းပိုင် ဖြစ်သော မြေယာ၏ အများဆုံး မြေဧက အရေအတွက်ကို အကြောင်းညီညွတ်လျှင် ညီညွတ်ခြင်း တရားဥပဒေဖြင့် သတ်မှတ်ရမည်။

ဤပြဋ္ဌာန်းချက်ကို အခြေပြု၍ ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ အက်ဥပဒေတွင် လယ်ယာမြေကို Agricultural Land ဟူ၍လည်းကောင်း၊ တောင်သူလယ်သမားကို Agriculturist ဟူ၍လည်းကောင်း၊ တောင်သူလယ်သမား အိမ်ထောင်သားစုဟူသည်ကို Agriculturist family ဟူ၍လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဆိုခဲ့သည်ကို တွေ့ရပါသည်။ အဆိုပါ အက်ဥပဒေကို ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပါလီမန်က အတည်ပြုခဲ့ပြီးနောက် ဟံသာဝတီခရိုင်နှင့် သန်လျင်ခရိုင်တို့တွင် စမ်းသပ်အကောင်အထည်ဖော်



mgyoe.com

mgyoe.com
SAMPLE BOOK


ဆဲ၍ပင် ပြည်တွင်း လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် ဥပဒေကို အကောင်အထည် မဖော်နိုင်ဘဲ ရပ်ဆိုင်းခဲ့ပါသည်။

အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၂၀ တွင် တရားရုံးများ၏ စီရင်ပိုင်ခွင့်ကို ပိတ်ပင်မှုအတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

> ၂၀။ လယ်ယာမြေကို ဆိုင်ရေးဆိုင်ခွင့်အတွက် သို့မဟုတ် လျော်ကြေးအား ခွဲဝေမှုအတွက် အငြင်းပွားမှုမှအပ ဤအက်ဥပဒေပါ အခြားမည်သည့်ကိစ္စကိုမျှ တရားမ တရားရုံးက စီရင်ပိုင်ခွင့် မရှိစေရ။

ဤသို့ ပြဋ္ဌာန်းချက် ရှိသည် ဖြစ်သော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် ယာယီသမ္မတက ပါလီမန်တွင် ပြုလုပ်သော ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ ပြည်နယ်များတွင် အာဏာ တည်သည် မတည်သည်ကို ကြားနာ စစ်ဆေးပေးရန် လွှဲအပ်ချက်အရ ကြားနာ ဆုံးဖြတ်ခဲ့သည့် အမှု ရှိခဲ့ပါသည်။ ထိုအမှုသည် **ပြည်နယ်များ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ (တရားလွှတ်တော်ချုပ်)**၊ စာ-၁၃၅ စီရင်ထုံး ဖြစ်ပါသည်။ ထိုစီရင်ချက်တွင် ထူးခြားချက် တစ်ရပ်အဖြစ် 'ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၂၄ အရ လယ်ယာမြေများကို ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရကသာလျှင် ပိုင်ဆိုင်သည်' ဟူသည့် ရေးသားချက်ကို တွေ့ရပါသည်။ ထိုရည်ညွှန်းသည့် ပြဋ္ဌာန်းချက်က အောက်ပါအတိုင်း ဖြစ်ပါသည်-

> ၂၂၄။ ဤအခြေခံဥပဒေ အာဏာတည်အံ့ဆဲဆဲကာလက မြန်မာနိုင်ငံတော်နှင့် ကရင်နီနယ်များ၏ စီရင်အုပ်ချုပ်ရေးကိစ္စအလို့ငှာ ဗြိတိသျှ ဘုရင်မင်းမြတ်၌ သို့တည်းမဟုတ် အခြားအာဏာပိုင် တခုခု၌ တည်ရှိခဲ့သော အခွင့်အရေးများ၊ ပိုင်ဆိုင်သော ပစ္စည်းများနှင့် တောင်းဆိုရယူခွင့်များသည် ဤအခြေခံဥပဒေ အာဏာတည်သည်မှ စ၍ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၌ တည်ရှိရမည်။
>
> အထူးအားဖြင့် သစ်တောအားလုံး၊ မြေအောက်ရှိ သတ္တုနှင့် အခြားပစ္စည်း အားလုံး၊ ဓာတ်ဘက်ဝင် ဆေးဘက်ဝင်ရေ စသော ရေများ၊ သဘာဝအင်အားတို့၏ ပင်ရင်း အခြေအမြစ်များ၊ သံလမ်းဖြင့် သယ်ယူ ပို့ဆောင်ရေးဆိုင်ရာ ပစ္စည်းများ၊ စာပို့ဆောင်ရေးဆိုင်ရာ ပစ္စည်းများ၊ ကြေးနန်းနှင့် ကြေးနန်းဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ အသံလွှင့်လုပ်ငန်းဆိုင်ရာ ပစ္စည်းများသည် ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုနိုင်ငံ၏ ပစ္စည်းများ ဖြစ်ရမည်။

စိတ်ဝင်စားဖွယ်ရာ စီရင်ထုံးတစ်ရပ် ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

(၂)

# ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ

၁၉၅၂ ခုနှစ် ဩဂုတ်လတွင် ကျင်းပသော ပြည်တော်သာ ညီလာခံကြီးတွင် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး စီမံကိန်း အဆိုတစ်ရပ် တင်သွင်းပြီးနောက် ယခင်အက်ဥပဒေထက် ပိုမို ပြည့်စုံသော အက်ဥပဒေသစ်တစ်ရပ် ရေးဆွဲကာ ပါလီမန်တွင် တင်သွင်းခဲ့ပါသည်။ သို့ဖြင့် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်း၍ ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။

လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး လုပ်ငန်းများသည် တစ်ဆင့်ချင်း ဆောင်ရွက်ရသည် ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လယ်ယာမြေ စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အောက်ပါအတိုင်း ဥပဒေ နှစ်ရပ် ပြဋ္ဌာန်းခဲ့ပါသည်-

(၁) ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ်-၁၇)

(၂) ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ (၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ်-၇၅)။

အဆိုပါ အက်ဥပဒေ နှစ်ရပ်အနက် သီးစားချထားရေး အက်ဥပဒေကို ဦးစွာ တင်ပြပါမည်။ ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၁။ (၂) ဤအက်ဥပဒေသည် နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း သတ်မှတ်သည့် အရပ်ဒေသ၌ စတင် အာဏာတည်စေရမည်။

ဤပြဋ္ဌာန်းချက်အလို့ငှာ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅၁ အရ ဤအက်ဥပဒေ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာ



mgyoe.com

သော အရပ်ဒေသများကို ချန်လှပ်၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ကျန်ဒေသများ၌ ၁၉၅၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် စတင် အာဏာတည်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၏ အဓိကကျသည့် ပြဋ္ဌာန်းချက်မှာ ပုဒ်မ ၃ ဖြစ်ပြီး အောက်ပါအတိုင်း ပြဋ္ဌာန်းထားခဲ့ပါသည်-

၃။ ၁၉၄၆ ခုနှစ် သီးစားချထားရေး အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ သို့တည်းမဟုတ် မည်သို့ပင် သဘောတူစာချုပ် ချုပ်ဆိုထားစေကာမူ နိုင်ငံတော် သမ္မတက မြန်မာနိုင်ငံတော် စီးပွားရေး ပြန်လည် ထူထောင်မှုအတွက် အလွန် အရေးကြီးသော လယ်ယာစိုက်ပျိုးမှု တည်မြဲစေရန် သို့တည်းမဟုတ် တိုးတက်စေရန် လိုအပ်သည်ဟု သို့မဟုတ် သင့်သည်ဟု မိမိ ထင်မြင်သမျှ အောက်ပါကိစ္စများအလို့ငှာ အမိန့်ဖြင့် ပြဋ္ဌာန်းနိုင်သည်-

(၁) လယ်ယာမြေ လက်ရှိထားသည့်လူ တစ်ဦးဦးက သို့တည်းမဟုတ် လူတစ်မျိုးတစ်စားက သီးစား တစ်ဦးဦးအား သို့တည်းမဟုတ် သီးစား တစ်မျိုးတစ်စားအား ယင်းသို့သော မြေအငှားချထားမှုကို စည်းမျဉ်း သတ်မှတ်ရန် သို့တည်းမဟုတ် ကြီးကြပ်ရန် သို့တည်းမဟုတ် ထိုမြေတွင် စိုက်ပျိုးထုတ်လုပ်ရမည့် ကောက်ပဲသီးနှံ အမျိုးအစားကို သတ်မှတ်ရန်၊ သို့တည်းမဟုတ်

(၂) လူတစ်ဦးဦးပိုင် သို့တည်းမဟုတ် လူတစ်မျိုးတစ်စားပိုင် လယ်ယာမြေများကို အငှားချထားရန်၊ ယင်းသို့ အငှားချထားရာ၌ ထိုမြေကို နိုင်ငံတော် သမ္မတက အငှားချထားသည့် သီးစား တစ်ဦးဦးသည် ထိုလူအား သို့မဟုတ် ထိုလူအမျိုးအစားအား အခါအားလျော်စွာ အစိုးရ သတ်မှတ်သည့် စံသီးစားခကို ပေးရန်၊ သို့တည်းမဟုတ်

(၃) အယူခံ အာဏာပိုင် သို့တည်းမဟုတ် ပြင်ဆင်ခွင့် ရှိသော အာဏာပိုင် သို့တည်းမဟုတ် အခြား အခွင့်အာဏာရ အာဏာပိုင် ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကြောင့် လူတစ်ဦးတစ်ယောက် နစ်နာဆုံးရှုံးမှု မဖြစ်စေရန်အလို့ငှာ လုံလောက်သော အာမခံ၊ လျော်ကြေး စသည်တို့ကို သီးစားထံမှ ဆင့်ဆိုတောင်းယူခြင်း ကိစ္စ။

ခြွင်းချက်။ သို့ရာတွင် ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များသည် အောက်ပါ လယ်ယာမြေနှင့် သို့တည်းမဟုတ် မြေများနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) အဓိက အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် မိမိ ကိုယ်ထိလက်ရောက် လယ်ယာ စိုက်ပျိုး လုပ်ကိုင်သူပိုင် ဧရိယာ ဧက ၅၀ ထက် မပိုသော လယ်ယာမြေ၊

(ခ) နိုင်ငံတော် သမ္မတက အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ဤအက်ဥပဒေ အကျုံးဝင်ခြင်းမှ ကင်းလွတ်ခွင့်ပေးသော လယ်ယာမြေ။

နောင်သောအခါ ပုဒ်မခွဲ (၃) ပါ 'အာမခံ၊ လျော်ကြေး စသည်တို့ကို သီးစားထံမှ ဆင့်ဆိုတောင်းယူခြင်းကိစ္စ' ဟူသည်တွင် 'သီးစားထံမှ' ဟူသည်ကို ပယ်ဖျက်ခဲ့ပါသည်။

၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၏ အာဏာ သက်ရောက်မှုကို လေ့လာပါက လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေအရ လယ်ယာမြေများကို နိုင်ငံပိုင်အဖြစ် သိမ်းယူကြောင်း နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန် ဆောင်ရွက်ခြင်း မပြုရသေးသည့်



mgyoe.com

mgyoe.com 
SAMPLE BOOK

ဒေသများတွင် အာဏာသက်ရောက်ပါသည်။ သို့ဖြစ်၍ ထိုစဉ်ကာလ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး လုပ်ငန်း ဆောင်ရွက်ထားသည့် လယ်ယာမြေ ဧရိယာ ၃. ၃ သန်းကို လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၊ နည်းဥပဒေများအရ စီမံခန့်ခွဲပြီး ကျန်လယ်ယာမြေ ဧရိယာ ၁၆. ၆ သန်းကို ဤသီးစားချထားရေး ဥပဒေ၊ နည်းဥပဒေတို့အရ စီမံခန့်ခွဲခဲ့သည်ကို လေ့လာ သိရှိရပါသည်။

အက်ဥပဒေ၏ ပုဒ်မ ၃ တွင် နိုင်ငံတော် သမ္မတထံ အာဏာအပ်နှင်းထားသည် မှန်သော်လည်း ပုဒ်မ ၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

၄။ နိုင်ငံတော် သမ္မတသည် ဤအက်ဥပဒေဖြင့် မိမိအား အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို သုံးစွဲစေရန် လူတစ်ဦးဦးအား သို့တည်းမဟုတ် အာဏာပိုင် တစ်စုံတစ်ရာအား အမိန့်ဖြင့် လွှဲအပ်နိုင်သည်။

ထိုသို့သာမက နည်းဥပဒေ ပြဋ္ဌာန်းခြင်းအတွက် ပုဒ်မ ၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၅။ (၁) နိုင်ငံတော် သမ္မတသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် မိမိ သင့်သည် ထင်မြင်သည့် နည်းဥပဒေများကို ပြုနိုင်သည်။
(၂) ဤပုဒ်မအရ ပြုသည့် နည်းဥပဒေများအားလုံးကို ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုသို့ ထုတ်ပြန်ကြေညာသောအခါ ထိုနည်းဥပဒေများသည် ဤအက်ဥပဒေတွင် ပြဋ္ဌာန်းဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

ဤပုဒ်မ ပြဋ္ဌာန်းချက်အရ ၁၉၅၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေများကို ပြဋ္ဌာန်း၍ မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၅၃ ခုနှစ်၊ အပိုင်း (၁)၊ စာမျက်နှာ (၅၃၂) တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ အာဏာသက်ရောက်သည့်ဒေသများတွင် လယ်ယာမြေများကို ၁၉၅၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်သော အောက်ပါ သီးစားချထားရေး ကော်မတီများက စီမံခန့်ခွဲမှု ပြုခဲ့ကြပါသည်-

(၁) တိုင်းသီးစားချထားရေးကော်မတီ၊

(၂) ခရိုင်သီးစားချထားရေးကော်မတီ၊

(၃) မြို့မရပ်ကွက်/ကျေးရွာ သီးစားချထားရေး ကော်မတီ။

ရပ်ကွက်/ကျေးရွာ သီးစားချထားရေး ကော်မတီသည် မြေယာအငြင်းပွားမှုနှင့် ပတ်သက်၍ မူလအမှု ဖွင့်လှစ်စစ်ဆေး ဆုံးဖြတ်နိုင်ပါသည်။ ယင်းတို့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူက ဆုံးဖြတ်ချက်ချသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ ခရိုင်သီးစားချထားရေးကော်မတီသို့ အယူခံနိုင်ပါသည်။ ခရိုင်သီးစားချထားရေးကော်မတီသည် မိမိ ရရှိသည့် သတင်းတစ်ရပ်ရပ်အရ သီးစားနှစ်မကုန်မီ အမှုတွဲကို တောင်းယူ၍ ဥပဒေနှင့် ဆန့်ကျင်သည်ဟု သုံးသပ်ရရှိလျှင် အမိန့်ကို ပြင်ဆင်နိုင်ပါသည်။


mgyoe.com

ဤသီးစားချထားရေး အက်ဥပဒေတွင် တရားရုံးများ၏ စီရင်ပိုင်ခွင့်ကို ပိတ်ပင်မှုအဖြစ် ပုဒ်မ ၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၈။ ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များကို ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ ဆောင်ရွက်ရာ၌ ပုဒ်မ ၄ အရ နိုင်ငံတော် သမ္မတက အာဏာလွှဲအပ်ထားသည့် လူတစ်ဦးဦးက သို့တည်းမဟုတ် အာဏာပိုင် တစ်စုံတစ်ရာက ပြုသည့် အပြုအမူ တစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ချမှတ်သည့် အမိန့်တစ်ခုခုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ချမှတ်သည့် လျော်ကြေးငွေနှင့် စပ်လျဉ်း၍ဖြစ်စေ မည်သည့် တရားမရုံးမှမျှ သို့တည်းမဟုတ် အခွန်တော်ရုံးမှာမျှ စီရင်ပိုင်ခွင့် မရှိစေရ။

ဤသို့ ပြဋ္ဌာန်းခဲ့ချက်အရ ရုပ်သိမ်းခဲ့သည့် ၁၉၄၈ ခုနှစ် သီးစားချထားရေး အက်ဥပဒေအတွက် တရားလွှတ်တော်ချုပ်က ကြားနာဆုံးဖြတ်ခဲ့သည့် စီရင်ထုံးများကို အများအပြား တွေ့ရသော်လည်း ဤအက်ဥပဒေအတွက်မူ နည်းပါးလှပါသည်။

၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၏ ပုဒ်မ ၈ တွင် တရားရုံး၏ စီရင်ပိုင်ခွင့်ကို ကန့်သတ်ထားသည် ဖြစ်သော်လည်း တရားရုံးချုပ်အနေနှင့် ၁၉၆၂ ခုနှစ် တရားမ အထွေထွေ လျှောက်ထားမှု အမှတ် (၅၇) အဖြစ် ကြားနာစစ်ဆေးပြီး စာချွန်တော်အမိန့် ထုတ်ပြန်ခဲ့သည့်အမှု တစ်ခုကို တင်ပြပါမည်။ အဆိုပါအမှုမှာ **ဦးထွန်းလင်း (ခေါ်) ရှောင်ထွန်းလင်း ပါ ၂ နှင့် တိုင်းမင်းကြီး၊ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း သီးစားချထားရေးကော်မတီအဖွဲ့၊ မော်လမြိုင်မြို့ ပါ ၄ ၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊** စာ-၂၅၇ အမှု ဖြစ်ပါသည်။

အမှုဖြစ်စဉ်အနေနှင့် လျှောက်ထားသူ ဦးထွန်းလင်း၊ ဒေါ်ရွှေအေးတို့နှင့် လျှောက်ထားခံရသူများတွင် ပါဝင်သော ဦးသာလှိုင်၊ ဦးအုံးလှိုင်တို့သည် အချင်းဖြစ်မြေကို ၁၉၆၁-၁၉၆၂ ခုနှစ်တွင် လုပ်ကိုင်ရန်အတွက် ကျေးရွာကော်မတီထံ လျှောက်ထားခဲ့ရာ ကျေးရွာကော်မတီက ၁၉၆၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဦးထွန်းလင်း၊ ဒေါ်ရွှေအေးတို့ကို လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါသည်။ ဦးသာလှိုင်နှင့် ဦးအုံးလှိုင်တို့က ကျေးရွာကော်မတီ၏ အမိန့်ကို မကျေနပ်သဖြင့် ခရိုင်သီးစားချထားရေး ကော်မတီသို့ အယူခံ တက်ရောက်ခဲ့သော်လည်း အယူခံဝင်သောနေ့သည် ၁၉၆၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ ဖြစ်ပါသည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ ၁၆ အရ ကျေးရွာကော်မတီ၏အမိန့်ကို မကျေနပ်သူသည် သက်ဆိုင်ရာ ခရိုင်သီးစားချထားရေးကော်မတီထံ စီရင်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အယူခံ ဝင်ရမည် ဖြစ်ပါသည်။ ယခုအမှုတွင် ရက်ပေါင်း ၄၀ ကျော်မှ အယူခံဝင်ခြင်းကို ခရိုင်သီးစားချထားရေးကော်မတီနှင့် တိုင်းသီးစားချထားရေးကော်မတီတို့က ကာလစည်းကမ်းသတ် ကျော်လွန်၍ အယူခံလွှာ တင်သွင်းသည်ကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ ကို မှီး၍ လုံလောက်သောအကြောင်းရှိသည်ဟု ဆိုကာ အယူခံကို လက်ခံခဲ့ခြင်း ဖြစ်ပါသည်။ ကာလ စည်းကမ်းသတ် အက်ဥပဒေ (The Limitation Act, 1908) ၏ ပုဒ်မ ၅ တွင် 'ကာလစည်းကမ်းသတ်



mgyoe.com

mgyoe.com
SAMPLE BOOK


ကုန်ဆုံးပြီးမှ တင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ စည်းကမ်းသတ်ကာလအတွင်းက အဘယ်ကြောင့် တင်သွင်းခြင်း မပြုခဲ့သည်ကို တရားရုံးက ကျေနပ်အောင် လုံလောက်သော အကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါ အယူခံအမှုကိုသော်လည်းကောင်း၊ လျှောက်ထားမှုကိုသော်လည်းကောင်း လက်ခံနိုင်သည်'ဟု ပြဋ္ဌာန်းထားပါသည်။ ဤသို့ ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည် မှန်သော်လည်း တရားရုံးချုပ်က ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (၂) ၏ အောက်ပါ ပြဋ္ဌာန်းချက်ကို ထောက်ပြထားပါသည်-

၂၉။ (၂) တရားမကြီးမှု၊ အယူခံမှု သို့မဟုတ် လျှောက်ထားမှု တစ်ခုခုအတွက် ပထမ ဇယားတွင် သတ်မှတ် ဖော်ပြထားသည့် ကာလ အပိုင်းအခြားနှင့် ကွဲလွဲနေသည့် စည်းကမ်းသတ်ကာလကို အထူးဥပဒေ၌သော်လည်းကောင်း၊ ဒေသန္တရဥပဒေ၌သော်လည်းကောင်း ပြဋ္ဌာန်းထားရှိသည့်ကိစ္စတွင် စည်းကမ်းသတ်ကာလကို ထိုဥပဒေပါ အမှုတစ်ခုခုအတွက် ဤဥပဒေ၏ ပထမဇယားတွင် သတ်မှတ်ဖော်ပြထားဘိသကဲ့သို့ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ ထို့ပြင် တရားမကြီးမှု၊ အယူခံမှု၊ လျှောက်ထားမှု တစ်ခုခုအတွက် အထူးဥပဒေ၌သော်လည်းကောင်း၊ ဒေသန္တရဥပဒေ၌သော်လည်းကောင်း ပြဋ္ဌာန်းထားသော စည်းကမ်းသတ် ကာလကို ဆုံးဖြတ်ရန်အလို့ငှာ-

(က) ဆိုခဲ့သည့်အထူးဥပဒေ၌သော်လည်းကောင်း၊ ဒေသန္တရဥပဒေ၌သော်လည်းကောင်း အတိအလင်း ချန်လှပ်ခြင်း မရှိလျှင် ပုဒ်မ ၄၊ ပုဒ်မ ၉ မှ ၁၈ အထိနှင့် ပုဒ်မ ၂၂ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ချန်လှပ်ခြင်း မရှိသည်အထိသာ တတ်နိုင်သမျှ လိုက်နာရမည်။

(ခ) ဤအက်ဥပဒေပါ ကျန်ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း မပြုရ။

ဤသို့ သုံးသပ်၍ တရားရုံးချုပ်သည် ခရိုင်သီးစားချထားရေးကော်မတီ၏ အမိန့်နှင့် တိုင်းသီးစားချထားရေးကော်မတီ၏ အမိန့်တို့ကို အမှုခေါ် စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ခဲ့ပါသည်။ ယနေ့ကာလတွင်လည်း လယ်ယာမြေ ဥပဒေအရ မြေယာမှုခင်းကို ဆုံးဖြတ်နေသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ သတိပြုရမည့် စီရင်ထုံးတစ်ရပ် ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

(၃)

# ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းရာတွင် ဥပဒေ၏ တည်ရာနယ်အဝန်းကို ပြဋ္ဌာန်းသည့် ပုဒ်မ ၂ ၏ အောက်ပါ ပြဋ္ဌာန်းချက်ကို သတိပြုရန် လိုအပ်ပါသည်-

၂။ ဤအက်ဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝှန်းလုံးနှင့် သက်ဆိုင်စေရမည်။

သို့ဖြစ်၍ ယခင် ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကဲ့သို့ ပြည်နယ်များသို့ အာဏာသက်ရောက်ခြင်း ရှိ မရှိ အငြင်းပွားဖွယ် မပေါ်ပေါက်တော့ပါ။

ဤအက်ဥပဒေတွင် အရေးကြီးသည့် ပြဋ္ဌာန်းချက်တစ်ရပ် ရှိပါသည်။ ယင်းမှာ ပုဒ်မ ၄ ၏ ပြဋ္ဌာန်းချက် ဖြစ်ပြီး အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

၄။ ဤအက်ဥပဒေ စတင် အာဏာတည်သည့် နေ့မှစ၍ ဤအက်ဥပဒေနှင့်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်လည်းကောင်း မညီညွတ်လျှင် လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့တည်းမဟုတ် ခွဲစိတ်ခြင်းမပြုရ။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေသည် ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံပြန်တမ်းအနေဖြင့် ၁၉၅၃ ခု၊ အပိုင်း (၁)၊ စာမျက်နှာ (၁၃၁၄) တွင် ထည့်သွင်း ထုတ်ပြန်ခဲ့သည် ဖြစ်ပါသည်။ သို့ပါ၍ ထိုသို့ စတင်အာဏာတည်သည့် နေ့ရက် နောက်ပိုင်းတွင် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် သတ်မှတ်ဖော်ပြသည့် ကိစ္စရပ်များမှအပ လယ်ယာမြေကို ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်း လွှဲပြောင်းပေးခြင်း၊ ခွဲစိတ်ခြင်းတို့ ပြုလုပ်ပါက ဥပဒေနှင့် ဆန့်ကျင်ဆောင်ရွက်မှုများ ဖြစ်ပြီး မည်သည့် ရုံးဌာန၊ တရားရုံးကမျှ အသိအမှတ်ပြုသည် မဟုတ်ပါ။ ထိုပြဋ္ဌာန်းချက်သည် ဥပဒေ ပြဋ္ဌာန်းသည့် ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှ ယင်းအက်ဥပဒေကို ရုပ်သိမ်း၍ နိုင်ငံတော်သမ္မတရုံး၏ ၃၁-၈-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၂) ဖြင့် လယ်ယာမြေ ဥပဒေ စတင်



mgyoe.com

mgyoe.com SAMPLE BOOK


အာဏာတည်သည့် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အတွင်း ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ခွဲစိတ်ခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်ပါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေတွင် လယ်ယာမြေများကို နိုင်ငံပိုင် သိမ်းယူခြင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၅ ဖြင့် ပြဋ္ဌာန်းထားရာ အဆိုပါ ပုဒ်မတွင် ပုဒ်မခွဲ ၃ ခု ပါရှိပါသည်။ နိုင်ငံတော် သမ္မတ၏ အာဏာကို ပုဒ်မခွဲ (၁) အဖြစ် အောက်ပါအတိုင်း ပြဋ္ဌာန်း အပ်နှင်းပါသည်-

၅။ (၁) နိုင်ငံတော် သမ္မတသည် ဤအက်ဥပဒေ စတင်အာဏာတည်ပြီးသည့်နောက်၌ ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုသည့် ဇယား ၁ တွင် ဖော်ပြထားသော လယ်ယာမြေများမှတစ်ပါး အခြားလယ်ယာမြေ အားလုံးကို ပြန်လည်သိမ်းယူနိုင်သည်။

ဤပုဒ်မခွဲအရ နိုင်ငံတော်သမ္မတက သိမ်းယူခြင်း ပြုမှသာ ထိုလယ်ယာမြေသည် နိုင်ငံပိုင်အဖြစ်သို့ ရောက်ရှိမည် ဖြစ်ပါသည်။ အက်ဥပဒေ အာဏာသက်ရောက်ရုံမျှဖြင့် လယ်ယာမြေများသည် နိုင်ငံပိုင် ဖြစ်သွားသည် မဟုတ်ပါ။

လယ်ယာမြေများကို နိုင်ငံပိုင် သိမ်းယူခြင်းအတွက် ပုဒ်မခွဲ (၁) တွင် နိုင်ငံတော် သမ္မတက သိမ်းယူခြင်း ပြုရမည့် နည်းလမ်းကို ပုဒ်မခွဲ (၂) အဖြစ် အောက်ပါအတိုင်း ဆက်လက်ပြဋ္ဌာန်းပါသည်-

၅။ (၂) နိုင်ငံတော် သမ္မတသည် ပုဒ်မခွဲ (၁) တွင် ရည်ညွှန်း ဖော်ပြထားသည့် လယ်ယာမြေကို အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြထားသည့် ဒေသများတွင် သီးခြား သတ်မှတ်သည့် နေ့ရက်များ၌ သိမ်းယူသည်ဟု ကြေညာနိုင်သည်။

ပုဒ်မခွဲ (၁) တွင် နိုင်ငံတော်သမ္မတထံ သိမ်းယူရန် အာဏာအပ်နှင်းထားသော်လည်း ပုဒ်မခွဲ (၂) အရ နိုင်ငံတော် သမ္မတသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကာ သိမ်းယူရမည် ဖြစ်ပါသည်။ ထိုအမိန့်ကြော်ငြာစာတွင်လည်း မည်သည့်ခရိုင်၊ မြို့နယ်ရှိ လယ်ယာမြေများကို သိမ်းယူကြောင်းနှင့် မည်သည့်နေ့ရက်က စတင် သိမ်းယူကြောင်း ဖော်ပြပါရှိရမည် ဖြစ်ပါသည်။ ထိုသို့ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သိမ်းယူပြီး လယ်ယာမြေ ဝေခြမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုသည့် ဒေသများတွင် တင်ပြပြီးခဲ့သည့် ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ အာဏာသက်ရောက် ကျင့်သုံးပါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၅ တွင်၊ ပုဒ်မခွဲ (၁) အဖြစ် နိုင်ငံတော် သမ္မတအား အာဏာအပ်နှင်းခြင်း၊ ပုဒ်မခွဲ (၂) အဖြစ် သိမ်းယူသည့် နည်းလမ်း ဖော်ပြခြင်းတို့ ပြဋ္ဌာန်းပြီးနောက် ပုဒ်မခွဲ (၃) တွင် ထိုသို့ သိမ်းယူခြင်း၏ အကျိုးဆက်ကို အောက်ပါ အတိုင်း ပြဋ္ဌာန်းပါသည်-

၅။ (၃) တည်ဆဲ အခြားမည်သည့် တရားဥပဒေတွင်ဖြစ်စေ၊ သဘောတူစာချုပ်၊ ပဋိညာဉ်၊ အပိုင် စာချုပ်၊ အငှားစာချုပ် သို့တည်းမဟုတ် လိုင်စင်တွင်ဖြစ်စေ မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်၏ အခွင့်အရေးများမှတစ်ပါး ပုဒ်မခွဲ (၁) အရ နိုင်ငံတော်က ပြန်လည်သိမ်းယူ နိုင်သည့် လယ်ယာမြေအပေါ်၌ ထိုလယ်ယာမြေနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (၂) အရ ကြေညာ ခြင်း မပြုမီအခါက သက်ရောက်သမျှသော အခြားအခွင့်အရေး အားလုံးသည် ထိုလယ်


mgyoe.com

mgyoe.com SAMPLE BOOK


ယာမြေကို နိုင်ငံတော်သမ္မတက ပြန်လည် သိမ်းယူသည့်အခါ၌ လုံး၀ ရပ်စဲသွားရမည်။ ထို့ပြင် ဤအက်ဥပဒေအရ လယ်ယာမြေကို ပြန်လည် သိမ်းယူပြီးသည့်နောက်တွင် အဆိုပါ လယ်ယာမြေအပေါ်တွင် နိုင်ငံတော်၏ အခွင့်အရေးမှတစ်ပါး အခြားမည်သည့် အခွင့်အရေးမျှ ပုဒ်မ ၁၀ တွင် အတိအလင်း ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး ပေါ်ပေါက်သက်ရောက်ခြင်း မရှိစေရ။

ဤပုဒ်မခွဲ ပြဋ္ဌာန်းချက်သည် ဤအက်ဥပဒေ၏ အသက်သွေးကြောသဖွယ် ဖြစ်ပါသည်။ ပုဒ်မခွဲ (၁) တွင် အပ်နှင်းထားသည့် အာဏာအရ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မည်သည့်ဒေသရှိ လယ်ယာမြေများကို မည်သည့်နေ့ရက်မှ စတင်၍ နိုင်ငံပိုင် သိမ်းယူလိုက်သည်ဟု ကြေညာခြင်း ပြုပါက ထိုဒေသတွင် ထိုနေ့ရက် မတိုင်မီက ဘိုးဘပိုင်မြေအဖြစ် ပိုင်ဆိုင်ထားသည့် သို့မဟုတ် လက်ဝယ်ထားပိုင်ခွင့်အရဖြစ်စေ၊ အပိုင်ဂရန်ဖြင့်ဖြစ်စေ၊ အငှားဂရန်ဖြင့်ဖြစ်စေ အသုံးပြုခွင့် ရထားသည့်မြေများအားလုံးတွင် ယခင် ဥပဒေအရ ပိုင်ဆိုင်မှု သို့မဟုတ် ဆိုင်ရေးဆိုင်ခွင့်များအားလုံး ပျက်ပြယ်သွားပါသည်။ ဘိုးဘပိုင်မြေ ဖြစ်သည်၊ ဓားမဦးချမြေ ဖြစ်သည် ဟူသည့် စကားများ ဆိုခွင့် မရှိတော့ပါ။ ဤအက်ဥပဒေဖြင့် ဖျက်သိမ်းလိုက်ပြီ ဖြစ်ပါသည်။ ထိုဒေသရှိ လယ်ယာမြေ ဟူသည့် စကားရပ်တွင် ပါဝင်သော မြေများအားလုံး နိုင်ငံပိုင် လယ်ယာမြေများအဖြစ်သို့ ရောက်ရှိသွားပါသည်။

လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ သိမ်းယူခြင်းကို ၁၉၅၃-၁၉၅၄ ခုနှစ်မှ ၁၉၅၇-၁၉၅၈ ခုနှစ်အတွင်း နှစ်အလိုက်ခွဲ၍ စုစုပေါင်း ခရိုင် ၃၂ ခုရှိ မြို့နယ် ၁၀၆ မြို့နယ်မှ၊ ရပ်ကွက်နှင့် ကျေးရွာ ၁၈၃၃ ရှိ လယ်ယာမြေ စုစုပေါင်း ဧက ၃. ၃ သန်းကို ပြုလုပ်ခဲ့ကြောင်း မှတ်တမ်းများတွင် လေ့လာတွေ့ရှိရပါသည်။ ထိုသို့ သိမ်းယူခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ ခွဲဝေပေးခြင်း ပြုခဲ့သည့် ဒေသများတွင် အက်ဥပဒေ အခန်း (၈) အရ ဖွဲ့စည်းသည့် အောက်ပါကော်မတီများက ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ပါသည်-

(က) ဗဟိုမြေယာကော်မတီ (ပုဒ်မ ၁၄)၊

(ခ) ခရိုင်မြေယာကော်မတီ (ပုဒ်မ ၁၅)၊

(ဂ) ကျေးရွာ သို့မဟုတ် ရပ်ကွက် မြေယာကော်မတီ (ပုဒ်မ ၁၆)။

ဤတွင် ပုဒ်မခွဲ (၁) ၌ 'ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုသည့်' ဟူသည့် စကားရပ်ကို လေ့လာရန် လိုအပ်ပါသည်။ ထိုကိစ္စအလို့ငှာ ၁၉၅၄ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး နည်းဥပဒေ ပြဋ္ဌာန်းချက်များတွင် လေ့လာရန် လိုအပ်ပါသည်။ နည်းဥပဒေ၏ အခန်း (၃) တွင် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း ဟူသည့် ပြဋ္ဌာန်းချက်များ ရှိပါသည်။ နိုင်ငံတော်သမ္မတက အက်ဥပဒေ ပုဒ်မ ၅ (၂) အရ ကြေညာပြီးနောက် ခရိုင်မြေယာကော်မတီက ထိုထုတ်ပြန်ချက်ကို အသိပေးပြီး ကင်းလွတ်ခွင့်ပြုရန် လျှောက်လွှာများကို နည်းဥပဒေ ၄၂ အရ ခေါ်ယူရပါသည်။ လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးမှ နည်းဥပဒေ ၄၈ အရ ပုံစံ ၁၂ (ခ) ဖြင့် လယ်ယာမြေကို နိုင်ငံတော်က ပြန်လည် သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပေးသည့် အမိန့်စာကို ထုတ်ပေးရပါသည်။


mgyoe.com

mgyoe.com


၎င်းသည်ကို လေ့လာပါက သိမ်းယူ ဝေငှခြင်းမှ ကင်းလွတ်ခွင့်ကိုသာ ပေးခဲ့ပြီး ပုဒ်မ ၅ (၃) အရ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာ မထုတ်ပြန်မီ ရရှိခဲ့သည့် ပိုင်ဆိုင်ခွင့် သို့မဟုတ် ဆိုင်ရေးဆိုင်ခွင့်များ ဆက်လက် ရရှိစေခြင်း မဟုတ်သည်ကို သိမြင်ရန် လိုအပ်ပါသည်။ ၎င်းကိစ္စအလို့ငှာ သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် မြေများအပေါ် အက်ဥပဒေက ပေးအပ်သည့် အခွင့်အရေးများကလည်း ထင်ရှားစေပါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၅ တွင် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ခြင်းအတွက် ပြဋ္ဌာန်းချက်၌ 'ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုသည့် ဇယား ၁ တွင် ဖော်ပြထားသော လယ်ယာမြေများမှတစ်ပါး' ဟူသည့် စကားရပ်အရ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုသည့် လယ်ယာမြေများတွင် လုပ်ကိုင်ခွင့် ရသူ၏ လယ်သည် ပုဒ်မ ၅ (၃) ပါ သိမ်းယူခြင်း မပြုမီက ရရှိထားသောပိုင်ဆိုင်မှု၊ ဆိုင်ရေးဆိုင်ခွင့်များ ပျက်ပြားခြင်း ရှိ မရှိ ဟူသည့် အချက်ကို အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၉ တွင် ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို အောက်ပါအတိုင်း အတိအလင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်-

၉။ (၁) နိုင်ငံတော်၏ အခွင့်အရေးများနှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) အပြင် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေကို ပိုင်ဆိုင်သူသည် သို့တည်းမဟုတ် သာသနာရေး အဆောက်အအုံသည် အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါ အခွင့်အရေးများကို ရရှိစေရမည်-

(က) အဆိုပါ လယ်ယာမြေကို လက်ရှိထားနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်၊ ယင်းသို့ လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးအမြတ်များကို ခံစားနိုင်ခွင့်၊

(ခ) အဆိုပါ လယ်ယာမြေကို တောင်သူလယ်သမား အဖွဲ့အစည်း တစ်ခုခုအားသော်လည်းကောင်း၊ တောင်သူလယ်သမား တစ်ဦးဦးအားသော်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အဆိုပါ လယ်ယာမြေကို လုပ်ကိုင်ပါမည်ဟု စာဖြင့် ရေးသား၍ ကတိပြုသော တောင်သူလယ်သမားမဟုတ်သူ တစ်ဦးဦးအားသော်လည်းကောင်း ရောင်းချခြင်း၊ အပိုင်ပေးခြင်းကို ပြုလုပ်နိုင်ခွင့်၊ ၎င်းပြင် သာသနာရေး အဆောက်အအုံနှင့် သာသနာ့ဝန်ထမ်းအား ပေးလှူနိုင်ခွင့်၊ ထို့ပြင်

(ဂ) အဆိုပါ လယ်ယာမြေကို ခွဲစိတ်နိုင်ခွင့် သို့တည်းမဟုတ် အခြား လယ်ယာမြေနှင့် လဲလှယ်နိုင်ခွင့်၊

ပထမခြွင်းချက်။ သို့ရာတွင် အပိုဒ် (ခ) နှင့် (ဂ) တွင် သီးခြားဖော်ပြထားသော အခွင့်အရေးများကို ၎င်းအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် ညီညွတ်၍ နိုင်ငံတော်သမ္မတ၏ သို့တည်းမဟုတ် ၎င်းကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်သာ ခံစားခွင့် ရရှိစေရမည်။


mgyoe.com

mgyoe.com 

ဒုတိယခြွင်းချက်။ သို့ရာတွင် သာသနာ၀န်ထမ်း ပိုင်ဆိုင်သည့် လယ်ယာမြေ သို့တည်းမဟုတ် သာသနာရေး အဆောက်အအုံ ပိုင်သည့် လယ်ယာမြေကို တည်ဆဲ အခြား တရားဥပဒေ တစ်ခုခုနှင့် မဆန့်ကျင်လျှင် သီးစားချထားနိုင်ခွင့် ရှိစေရမည်။

(၂) နိုင်ငံတော်၏ အခွင့်အရေးများအပြင် ဇယား ၁ နှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နှင့် (၄)၊ ၎င်းပြင် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် သာသနာရေး အဆောက်အအုံ သို့တည်းမဟုတ် သာသနာ၀န်ထမ်း တစ်ဦးဦး ပိုင်ဆိုင်သည့် လယ်ယာမြေမှအပ ပုဒ်မ ၆ အရ ကင်းလွတ်ခွင့် ပေးထားသော လယ်ယာမြေကို အမွေဆက်ခံနိုင်ခွင့် ရှိစေရမည်။

ခြွင်းချက်။ သို့ရာတွင် လယ်ယာမြေကို ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟု စာဖြင့် ရေးသား၍ ကတိပေးရန် ပျက်ကွက်သည့် တောင်သူလယ်သမားမဟုတ်သူ တစ်ဦးဦးက အမွေစုအဖြစ် လက်ခံရရှိလျှင် အဆိုပါ လယ်ယာမြေကို နိုင်ငံတော် သမ္မတက ပြန်လည် သိမ်းယူရမည်။

ဤသည်သော ပြဋ္ဌာန်းချက်ကို လေ့လာပါက နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ နိုင်ငံပိုင် သိမ်းယူလိုက်ကြောင်း ကြေညာခြင်းခံရသည့် ဒေသရှိ လယ်များအနက် ကင်းလွတ်ခွင့်ပြုသည့် လယ်ယာမြေများသည် သိမ်းယူဝေငှခြင်းမှ ကင်းလွတ်ခွင့်သာ ရရှိပြီး မကြေညာမီက ဘိုးဘပိုင်မြေအဖြစ် ပိုင်ဆိုင်မှု၊ လက်ဝယ်ထားပိုင်ခွင့်၊ အပိုင်ဂရန်၊ အငှားဂရန်တို့ဖြင့် မြေအသုံးပြုခွင့်ရရှိထားမှုတို့သည် ပျက်ပြယ်သွားသည်သာ ဖြစ်ပါသည်။ ဤအက်ဥပဒေအရ ခွင့်ပြုသည့် မြေအသုံးပြုခွင့်သာ ရရှိပြီး အဆိုပါ လယ်ယာမြေများများမှာ နိုင်ငံပိုင် လယ်ယာမြေများအဖြစ် ရောက်ရှိသွားပါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ သတ်မှတ်ဖော်ပြသည့် ဒေသအသီးသီးမှ လယ်ယာမြေများကို နိုင်ငံတော် သမ္မတက ပုဒ်မ ၅ ဖြင့် အပ်နှင်းသည့် အာဏာအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည့် ဒေသများတွင် သိမ်းယူခွဲဝေပေးခဲ့သည်ဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုခဲ့သည်ဖြစ်စေ ထိုလယ်ယာမြေများအားလုံး အမိန့်ကြော်ငြာစာ မထုတ်ပြန်မီက ရရှိခဲ့သည့် ပိုင်ဆိုင်ခွင့် သို့မဟုတ် ဆိုင်ရေးဆိုင်ခွင့်အားလုံး ပျက်ပြားသွားသည်ကို အက်ဥပဒေ၊ နည်းဥပဒေများအရ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အက်ဥပဒေ၏ အရင်းခံ ရည်ရွယ်ချက်မှာ မြေရှင်ကြီးနှင့် မြေရှင်ကြီးစနစ်ကြီးထွားနေခြင်းကို အမြစ်ဖြတ်နိုင်စေရန် ၎င်းတို့ထံမှ မြေကို သိမ်းယူ၍ သီးစားဘ၀ဖြင့်သာ နေရသည့် တောင်သူလယ်သမားများထံ ဝေငှရန်ဟု သင်ယူခဲ့ရသည်။ အဆိုပါ အက်ဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန် ဆောင်ရွက်ခဲ့သည့်ဒေသများမှ လယ်ယာမြေများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှေးဆရာသမားများထံမှ အောက်ပါအခြေအနေကို သင်ယူမှတ်သားခဲ့ရပါသည်-

(က) အက်ဥပဒေအရ အမိန့်ကြော်ငြာစာဖြင့် သိမ်းယူခဲ့သည့် လယ်ယာမြေ ၃၃၄၆၀၀၀ ဧက၊

(ခ) ပြန်လည် ကင်းလွတ်ခွင့်ပြုခဲ့သည့် လယ်ယာမြေ ၁၆၁၈၀၀၀ ဧက၊



mgyoe.com

mgyoe.com  SAMPLE BOOK

(ဂ) သိမ်းယူသည့် လယ်ယာမြေများအနက် ခွဲဝေပေးခဲ့သည့်လယ်ယာမြေ ၁၄၁၇၈၀၀ ဧက၊

(ဃ) မြို့ရွာတိုးချဲ့ခြင်း၊ ရွာသစ်တည်ခြင်း၊ ရွာဘုံမြေ၊ ကစားကွင်း၊ ကျွဲနွားစားကျက်နှင့် အခြားကိစ္စများအတွက် ခွဲဝေပေးခြင်းမပြုဘဲ ချန်လှပ်ခဲ့သည့်လယ်ယာမြေ ၂၃၈၂၀၀ + အစိုးရဌာနပိုင်မြေ၊ မြေနုကျွန်း၊ မမြဲဦးပိုင်၊ တောင်ယာ၊ ကျူးလွန်ခြင်း၊ အခြားနည်းသုံးနှင့် လုပ်ကိုင်မရသောမြေများ ၇၂၀၀ ဧက။

ဤကိန်းဂဏန်းများအရ လယ်ယာမြေ ဧက ၃. ၃ သန်းကို နိုင်ငံပိုင် သိမ်းယူခဲ့သော်လည်း ကင်းလွတ်ခွင့်ပြုကာ ဆက်လက်စိုက်ပျိုးသည့် လယ်ယာမြေ ဧက ၁. ၆ သန်းနှင့် ခွဲဝေချထားပေးလယ်ယာမြေ ဧက ၁. ၄ သန်း၊ စုစုပေါင်း ဧက ၃. ၀ သန်းကိုသာ လယ်ယာမြေအဖြစ် စိုက်ပျိုးလုပ်ကိုင်ရန် ခွင့်ပြုခဲ့ကြောင်း တွေ့ရပါသည်။ မည်သို့ပင်ဆိုစေ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သိမ်းယူခဲ့သည့် လယ်ယာမြေ ၃. ၃ သန်းသည် မည်သူမျှ ပိုင်ဆိုင်ခွင့် သို့မဟုတ် ဆိုင်ရေးဆိုင်ခွင့် မရှိတော့သည့် လယ်ယာမြေများအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။

နိုင်ငံတော်အတွင်းရှိ လယ်ယာမြေများကို အက်ဥပဒေအရ နိုင်ငံပိုင် သိမ်းယူခြင်း၊ လျော်ကြေးပေးခြင်း၊ ခွဲဝေချထားခြင်းပြုရာတွင် အုပ်ချုပ်ရေးမဏ္ဍိုင်က နိုင်ငံရေး မူဝါဒအရ ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်မှုကို တရားစီရင်ရေးမဏ္ဍိုင်ထံမှ ကင်းဝေးရေးအတွက် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေတွင် အခန်း (၁၅)၊ 'တရားမရုံးနှင့် အခြားအာဏာပိုင်များ၏ စီရင်ပိုင်ခွင့် အာဏာကို တားမြစ်ခြင်း' ဟူသည့် အခန်းတစ်ခန်း ထည့်သွင်း ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ အခန်းပါ ပုဒ်မ ၃၆ နှင့် ၃၇ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၃၆။ တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ လျော်ကြေးကို မည်သူ ရထိုက်သည်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားသော မှုခင်းကိစ္စနှင့် အုပ်ထိန်းသူ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စများမှတစ်ပါး ဤအက်ဥပဒေပါ မည်သည့်အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာ မရှိစေရ။

၃၇။ လယ်ယာမြေကို တရားမရုံးက ချမှတ်သော အမိန့် သို့တည်းမဟုတ် ဒီကရီအရသော်လည်းကောင်း၊ တည်ဆဲ အခြား တရားဥပဒေအရ ချမှတ်သည့် အမိန့်အရသော်လည်းကောင်း ဝရမ်း ဖမ်းဆီးခြင်း သို့တည်းမဟုတ် ရောင်းချခြင်း မပြုရ။

ဤသို့ တရားရုံး၏ စီရင်ပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခဲ့သော်လည်း ထိုပြဋ္ဌာန်းချက်တွင် ပိတ်ပင်ထားခြင်း မရှိသည့် ကိစ္စရပ်များအတွက် တရားစီရင်ရေးမဏ္ဍိုင်၏ စီရင်ထုံး အများအပြား ပေါ်ထွက်ခဲ့ပါသည်။ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၃၆ တွင် 'လျော်ကြေးကို မည်သူရထိုက်သည် ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားသော မှုခင်းကိစ္စနှင့် အုပ်ထိန်းသူ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စများမှတစ်ပါး ဤအက်ဥပဒေပါ မည်သည့်အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာ မရှိစေရ' ဟူ၍ ပြဋ္ဌာန်းထားသော်လည်း အတိအလင်း သတ်မှတ်တားမြစ်ခြင်း မရှိသည့် ကိစ္စရပ်များကို တရားရုံးချုပ်က ကြားနာဆုံးဖြတ်ခဲ့သည့် အမှုတချို့ကို တင်ပြပါမည်။


mgyoe.com

mgyoe.com SAMPLE BOOK

(၄)

# လယ်ယာမြေ ဟူသည့် စကားရပ်အပေါ် ၁၉၆၂ ခုနှစ် စီရင်ထုံး

ဤတွင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပါ 'လယ်ယာမြေ' ဟူသည့် စကားရပ်အတွက် ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးတို့ကို ဦးစွာ တင်ပြပါမည်။ အက်ဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) တွင် 'လယ်ယာမြေ' ဟူသည့် စကားရပ်အတွက် အောက်ပါအတိုင်း ဖွင့်ဆို ပြဋ္ဌာန်းခဲ့ပါသည်-

၃။ (ခ) **လယ်ယာမြေ** ဆိုသည်မှာ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများနှင့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးမှု သို့တည်းမဟုတ် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စိုက်ပျိုးခြင်းဖြင့် အသက်မွေးမှုကိစ္စများအတွက်ဖြစ်စေ၊ ယင်းသို့ စိုက်ပျိုးခြင်းဖြင့် အသက်မွေးမှုကိစ္စများ၏ အထောက်အပံ့ ဖြစ်သော အမှုကိစ္စများအတွက်ဖြစ်စေ လက်ရှိထားသည့် သို့တည်းမဟုတ် သာမန်အားဖြင့် အသုံးပြုသည့် သို့တည်းမဟုတ် အငှားချထားပြီး ဖြစ်သည့် မြေကို ဆိုလိုသည့်အပြင် ထိုစကားရပ်တွင် ထိုမြေပေါ်ရှိ လူနေအိမ်များနှင့် အခြား အဆောက်အအုံများ တည်ရာမြေလည်း ပါဝင်သည်။ သို့ရာတွင် မြို့ရွာအတွင်း တည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့်မြေ မပါဝင်ချေ။

အဆိုပါ ဖွင့်ဆိုချက်အပေါ် အခြေပြု၍ ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးအဖြစ် ပထမဦးစွာ **အောင်လံတော် ကိုခင်စိန် ပါ ၅ နှင့် ဦးမောင်ကလေး** (Aunglandaw Ko Khin Sein and four others *v.* U Maung Gale, 1962 B.L.R. 87) ကို တင်ပြပါမည်။ အဆိုပါ အမှုအတွက် မူလမှုကို စွဲဆိုခဲ့စဉ်က 'ဥယျာဉ်ခြံမြေ' ဟူသည့် စကားရပ် ပါရှိခဲ့သည့်အပေါ် တရားရုံးချုပ်က အောက်ပါအတိုင်း မှတ်ချက်ပြု စီရင်ဆုံးဖြတ်ခဲ့ပါသည်-

အဆိုလွှာတွင် 'ဥယျာဉ်မြေ'ဟု ဖော်ပြသည့်မြေသည် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် လယ်ယာမြေ ဟူသည့် စကားရပ် ဖွင့်ဆိုချက်တွင်



mgyoe.com

mgyoe.com SAMPLE BOOK


အကျုံးဝင်ခြင်း ရှိ မရှိ ဟူ၍ ဥပဒေနှင့် အကြောင်းခြင်းရာတို့ ပြဿနာ ပေါ်သော်လည်း အဆိုပါ မြေသည် မြို့ သို့မဟုတ် ကျေးရွာအတွင်း တည်ရှိပြီး လူနေအိမ်ရာအတွက် အသုံးချနေသည် ဖြစ်သဖြင့် ဥယျာဉ်မြေ ဖြစ်စေကာမူ ယင်းသည် သက်ဆိုင်ခြင်း မရှိပေ။

ပုဒ်မ ၃ (ခ) ပါ 'သို့ရာတွင် မြို့ရွာအတွင်း တည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့် မြေ မပါဝင်ချေ' ဟူသည့် စကားရပ်ကို အခြေပြု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

အလားတူ ဆက်လက် တွေ့ရှိရသည့် စီရင်ထုံးက **ဦးစူးစံ ပါ ၄ နှင့် ဦးထွန်းတင် ပါ ၂၊ ၁၉၆၂ မတစ (တရားရုံးချုပ်) ၅၅၄** စီရင်ထုံး ဖြစ်ပါသည်။ အမှုတွင် ဦးထွန်းတင်တို့က ဦးစူးစံတို့ကို ပဲခူးခရိုင် သနပ်ပင်မြို့ပေါ်ရှိ မြေမှ ဖယ်ရှားထွက်ခွာပေးရန် စွဲဆိုခဲ့ခြင်းမှ အစပြုပါသည်။ အမှုတွင် အချင်းဖြစ်မြေများသည် သနပ်ပင်မြို့၌ တည်ရှိသော်လည်း မြေခွန်ပြေစာအရ ဥယျာဉ်ခြံမြေဟု ဖော်ပြထား၍ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ၃ (ခ) ပါ လယ်ယာမြေ ဟူသည့် စကားရပ်တွင် အကျုံးဝင်သဖြင့် ဦးထွန်းတင်တို့က မူလပိုင်ရှင်ထံမှ ဝယ်ယူခဲ့ခြင်းသည် တရားမဝင်ကြောင်း ဦးစူးစံတို့က ချေပခဲ့ပါသည်။ ဤသည်သော အငြင်းပွားချက်အပေါ် တရားရုံးချုပ်က အောက်ပါအတိုင်း အဆုံးအဖြတ်ပေးခဲ့ပါသည်-

> အချင်းဖြစ် မြေများသည် မြို့အလယ်၌ တည်ရှိပြီး နှစ်ပေါင်း ၃၀ ကျော်မျှ လူနေအိမ်ရာများအဖြစ် သုံးစွဲခဲ့ပြီး မြေတိုင်း အင်စပက်တော်၏ သက်သေခံချက်အရ ၎င်းမြေများသည် ခြံမြေ ဖြစ်သော်လည်း ကြေးတိုင်က သတ်မှတ်ထားသည့် ခြံမြေမျိုး မဟုတ်။ ဘိုးဘပိုင်မြေမျိုးတွင် အပါအဝင်ဖြစ်ခြင်းကြောင့် အချင်းဖြစ်မြေများသည် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေတွင် အကျုံးဝင်သော လယ်ယာမြေ မဟုတ်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (ခ) ပါ ခြွင်းချက်အတွက် တရားရုံးချုပ်၏ စီရင်ထုံးများအနေဖြင့် **ရမ် နတ်ဆိုင်း နှင့် ချန်ဒရာ ပရာဆပ် ပါ အများ** (Ram Nath Singh *v.* Chandrika Prasad And one, Sheoshankar Prasad and one, Bisnath and one, U.K. Barua and one, Ram Govind and one, Raghu Nandan Prasad and one, Ram Kishore Singh and one) **(၁၉၆၃ ခုနှစ်၊ မတစ ၃၇၀)၊ ဒေါ်ခင်မြင့် နှင့် ဒေါ်ခင်မေ (၁၉၈၃၊ မတစ ၁၇)၊ ဦးစံသင်း ပါ ၄ နှင့် ဒေါ်ဝင်းတင် ပါ ၁၇ (၁၉၉၂၊ မတစ ၃၄)** တို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ယင်းတို့အနက် စိတ်ဝင်မှတ်သားမိသော တရားစီရင်ထုံးသည် ၁၉၉၂ ခုနှစ်က ဆုံးဖြတ်ခဲ့သည့် **ဦးစံသင်း ပါ ၄ နှင့် ဒေါ်ဝင်းတင် ပါ ၁၇** စီရင်ထုံး ဖြစ်ပြီး အဆိုပါအမှုတွင် တရားရုံးချုပ်က အောက်ပါအတိုင်း စီရင်ဆုံးဖြတ်ခဲ့ပါသည်-

> ဤအမှုတွင် အချင်းဖြစ်မြေသည် မြေစာရင်းဌာန၌ လယ်ယာမြေဟု အမည်ပေါက်နေဆဲ ဖြစ်ပြီး လန (၃၉) အမိန့် မရှိသေးဟု ဆိုရုံမှအပ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅ (၂) အရ အစိုးရက ကြေညာ၍ ပြန်လည် သိမ်းယူထားကြောင်း သို့မဟုတ် သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၃၃ အရ သီးစားချထားပြီးဖြစ်ကြောင်း သို့တည်းမဟုတ် ယင်းသို့ တစ်နည်းနည်း ပြုလုပ်ရန် လက်ငင်းအစီအစဉ်ရှိကြောင်း မပေါ်ပေါက်သည့်ပြင် နှစ်ပေါင်း ၃၀ ကျော်ခန့် လူနေ


mgyoe.com

mgyoe.com
SAMPLE BOOK


အိမ်ရာအဖြစ် အသုံးပြု နေထိုင်ခဲ့ကြသော မြို့ပေါ် လူနေရပ်ကွက်အဖြစ် တည်ရှိနေခြင်းကြောင့် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃ (ခ) ခြွင်းချက်ပါ ပြဋ္ဌာန်းချက်အရ လယ်ယာမြေတွင် အကျုံးမဝင်၊ တရားမရုံး စီရင်ပိုင်ခွင့် ရှိသည်ဟု တိုင်းတရားရုံးက ကောက်ယူ ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းခြင်း မရှိချေ။

အမှုအနေဖြင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ၌ အဆိုအချေများအရ အချင်းဖြစ် မြေသည် လယ်ယာမြေ ဖြစ်ခြင်းကြောင့် တရားမရုံးတွင် စီရင်ပိုင်ခွင့် ရှိ မရှိ အငြင်းပွားသည့်အပေါ် ကောက်ချက်ထုတ်၍ ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရပါသည်။

ပုဒ်မ ၃၆ တွင် လျော်ကြေးကို မည်သူရထိုက်သည် ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားသော မှုခင်းကိစ္စနှင့် အုပ်ထိန်းသူ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စများမှတစ်ပါး ဤအက်ဥပဒေပါ မည်သည့်အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာ မရှိစေရ ဟူသည့် အချက်ကို တရားသေ မှတ်ယူရန် မသင့်ခြင်းအတွက် **ဒေါ်သိန်းဟန် နှင့် ဗိုလ်ကြီးမြင့်ဆွေ ပါ ၆ (၁၉၈၃ ခုနှစ်၊ မတစ ၇၃)** တွင် သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းကိုလည်း တွေ့ရပါသည်။ အဆိုပါအမှုတွင် မိမိ၏ ယာမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်သောသူများကို ဖယ်ရှားပေးရန် စွဲဆိုသည့် အမှုကို တရားမရုံးက စီရင်ပိုင်ခွင့် ရှိ မရှိ ဟူသည်အတွက် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်ပေးခဲ့ပါသည်-

> ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဆိုပါလျှင် အဆိုပါ အက်ဥပဒေ ပုဒ်မ ၃ (ခ) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသော လယ်ယာမြေနှင့် ပတ်သက်သည့် တရားမ မှုခင်းတိုင်းကို တရားမရုံးက စီရင်ပိုင်ခွင့် မရှိဟု ပိတ်ပင် တားမြစ်ထားခြင်း မရှိကြောင်း ပေါ်ပေါက်သည်။ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေတွင် လယ်ယာမြေ အတွင်းသို့ ကျူးကျော်ဝင်ရောက်သူအား ဖယ်ရှားသည့် ကိစ္စနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းမရှိပေ။ သို့ဖြစ်ရာ မိမိ၏ လယ်ယာမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်သည် ဆိုသော အယူခံ တရားပြိုင်တို့အပေါ် အယူခံ တရားလို ဒေါ်သိန်းဟန်က ဖယ်ရှားပေးရန် စွဲဆိုသည့် အမှုမှာ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၆ တွင် ပါရှိသည့် ဤအက်ဥပဒေပါ မည်သည့် အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့်အာဏာ မရှိစေရ ဟူသော တားမြစ်ချက်တွင် အကျုံးဝင်သည်ဟု မဆိုနိုင်ပေ။

ဤအမှုတွင် တရားလို၊ တရားပြိုင်တို့၏ ရှေ့နေကြီးများက လျှောက်လဲ တင်ပြချက်များအပေါ် အခြေပြု၍ စီရင်ဆုံးဖြတ်ခဲ့သည် မှန်သော်လည်း ထိုအမှု ပေါ်ပေါက်သည့်အချိန်တွင် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ အာဏာတည်သည့်အချိန် ဖြစ်နေပေရာ ယင်းဥပဒေ၏ ရှုထောင့်မှ သုံးသပ် ဆုံးဖြတ်မှု မရှိခဲ့သည့်အပေါ် အားမလိုအားမရ ဖြစ်မိပါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ အာဏာသက်ရောက်သည့် ဒေသများတွင် အက်ဥပဒေ အခန်း (၈) ပါ ပုဒ်မ ၁၄၊ ၁၅၊ ၁၆ တို့အရ ဖွဲ့စည်းသည့် ဗဟိုမြေယာ ကော်မတီ၊ ခရိုင်မြေယာကော်မတီ၊ ကျေးရွာ သို့မဟုတ် ရပ်ကွက် မြေယာကော်မတီတို့က ဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် တာဝန်ခံ ဆောင်ရွက်သည် ဖြစ်ပြီး အက်ဥပဒေ အာဏာမသက်ရောက်သည့်


mgyoe.com

mgyoe.com SAMPLE BOOK


ဒေသများရှိ သီးစားချထားရေး ကိစ္စများတွင် ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေကို ကျင့်သုံးခဲ့သည် မှန်သော်လည်း မူလပထမ သီးစားချထားရေး အက်ဥပဒေသာ အာဏာသက်ရောက်နေရာမှ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ အာဏာသက်ရောက်စေလာသည့်အခါ ပေါ်ပေါက်လာသည့် ပြဿနာအတွက် တရားရုံးချုပ်က စီရင်ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးတစ်ရပ်ကို တွေ့ရ ပါသည်။ ယင်းစီရင်ထုံးမှာ **မောင်စိုးမောင် နှင့် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ပါ ၄ (၁၉၆၂၊ မတစ ၄၄)** ဖြစ်ပြီး အောက်ပါအတိုင်း ထုံးဖွဲ့ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်-

> လျှောက်ထားသူသည် အခင်းဖြစ်မြေကို ၁၉၅၇ ခုနှစ်အတွင်း လုပ်ကိုင်ရန်အတွက် သက်ဆိုင်ရာ သီးစားချထားရေး ကော်မတီများထံမှ သီးစားခံယူ ရရှိခဲ့ပြီးနောက် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေအရ ကျေးရွာ မြေယာကော်မတီထံ အခြားသူများနှင့် အပြိုင်လျှောက်ထားရာ ယခင်ကော်မတီက ၎င်းအား လက်ငုတ်သီးစားအဖြစ် ဝေငှလိုက်ကြောင်း၊ ထိုအမိန့်ကို ခရိုင်မြေယာကော်မတီက အတည်ပြုလိုက်သော်လည်း နိုင်ငံတော်သမ္မတသည် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၅ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက် လျှောက်ထားသူသည် သီးစားလက်ငုတ် မဟုတ်ဟု ဆုံးဖြတ်ပြီး ကျေးရွာနှင့် ခရိုင် မြေယာချထားရေး ကော်မတီများ၏ အမိန့်များကို ပယ်ဖျက်လိုက်သည်ဟု အကြောင်းပြပြီး နိုင်ငံတော် သမ္မတ၏ အမိန့်ကို အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန် လျှောက်ထားသည်။
>
> **ဆုံးဖြတ်ချက်။** မူလ သီးစားချထားရေး ကော်မတီများ ချမှတ်သော အဆုံးအဖြတ်သည် နိုင်ငံတော်သမ္မတ၏ အာဏာကို မည်သို့မျှ ချုပ်ချယ်ခြင်း မပြုနိုင်။
>
> ပြည်သူပိုင် လယ်ယာမြေကို ဝေငှရာ၌ ချမှတ်သောအမိန့်သည် အုပ်ချုပ်ရေးဆိုင်ရာအမိန့်မျိုး ဖြစ်သည်။
>
> နိုင်ငံတော်အစိုးရပိုင် မြေကို တောင်သူလယ်သမားများအား ဝေငှ ချထားခြင်းသည် အစိုးရ သတ်မှတ်သော စည်းမျဉ်းအတိုင်း ဝေငှ ချထားခြင်းသာ ဖြစ်သည်။ ချထားခံရသူ ပိုင်ဆိုင်သော အခွင့်အရေးကို အထောက်အထားပြု၍ ဝေငှခြင်းပြုသည်ဟု မဆိုနိုင်ပေ။
>
> တရားဥပဒေဖြင့် အာဏာအပ်နှင်းထားသော အာဏာပိုင်သည် ထိုတရားဥပဒေအရ တရားရုံးများနှင့်နှင့် စုံစမ်းစစ်ဆေးပြီး ပြည်သူတို့၏ အခွင့်အရေးများကို ထိခိုက်သည့် ကိစ္စများနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်မှသာလျှင် ထိုအမိန့်သည် ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အမိန့်မျိုး ဖြစ်သဖြင့် အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ဝင်ရောက် စွက်ဖက်နိုင်မည် ဖြစ်သည်။

အမှုဖြစ်စဉ်အားဖြင့် မူလက လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ အာဏာသက်ရောက်ခြင်း မရှိဘဲ သီးစားချထားရေး အက်ဥပဒေသာ အာဏာသက်ရောက်ချိန်တွင် လျှောက်ထားသူ တရားလိုသည် သီးစားချထားရေး ကော်မတီ၏ သီးစားချထားခံရမှုကို ရရှိခဲ့ပါသည်။ ထို့မှသည် တောင်ငူခရိုင်အတွင်းရှိ လျှောက်ထားသူ လုပ်ကိုင်ရာဒေသသို့ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံတော် သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ချက်အရ အာဏာ



mgyoe.com

mgyoe.com SAMPLE BOOK


သက်ရောက်စေသောအခါ လယ်ယာမြေများ နိုင်ငံပိုင် သိမ်းယူ ခွဲဝေပေးရာတွင် လျှောက်ထားသူ တရားလိုသို့ ခွဲဝေ ချထားပေးခဲ့ခြင်း မရှိသဖြင့် အမှုခေါ် စာချွန်တော် အမိန့် ထုတ်ပြန်ပေးရန် လျှောက်ထားချက်အရ ကြားနာ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်အပေါ် တရားရုံးချုပ်က လျှောက်ထားခဲ့သည့်အမှုကို ပယ်ခဲ့ပါသည်။ ပြဋ္ဌာန်းဥပဒေ အာဏာသက်ရောက်မှု အပြောင်းအလဲတွင် ဖြစ်ပေါ်တတ်သည့် သဘာဝများကို လေ့လာ သင်ခန်းစာယူဖွယ် ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၃)

# တော်လှန်ရေးကောင်စီမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရကာလ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

# ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ လယ်ယာမြေများကို ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေနှင့် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေတို့အရ စီမံခန့်ခွဲခဲ့ရာမှ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော် အာဏာကို ထိန်းသိမ်း ရယူခဲ့ပြီး ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် (၈) ဖြင့် ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေကို ရုပ်သိမ်းပြီး ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းလိုက်သည့်အခါ မြန်မာ့လယ်ယာမြေများ၏ အရေးသည် တစ်ခေတ်ပြောင်းခဲ့ပါသည်။

၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းရာတွင် ဥပဒေ အာဏာသက်ရောက်မှုအတွက် ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ၌ အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

၁။ (၂) ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတဝှန်းလုံးတွင် ချက်ချင်း အာဏာတည်ရမည်။

ဤဥပဒေကို ၁၉၆၃ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ပြဋ္ဌာန်းသည် ဖြစ်ရာ အဆိုပါနေ့တွင်ပင် နိုင်ငံတော်တစ်ဝန်းလုံးသို့ အာဏာ သက်ရောက်စေခဲ့ပါသည်။ ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေသည် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅၁ အရ သီးစားချထားရေး အက်ဥပဒေ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသော အရပ်ဒေသများကို ချန်လှပ်၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ကျန်ဒေသများ၌သာ အာဏာတည်ခဲ့သော်လည်း ယခု ပြဋ္ဌာန်းလိုက်သည့် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေသည် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ အာဏာသက်ရောက် ဆောင်ရွက်ခဲ့သည့်ဒေသများ အပါအဝင် တစ်နိုင်ငံလုံးသို့ အာဏာသက်ရောက်စေခဲ့ပါသည်။

ပြဋ္ဌာန်းလိုက်သည့် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေတွင် 'လယ်ယာမြေ' ဟူသည့် စကားရပ်အတွက် ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) (ခ) တွင် အောက်ပါအတိုင်း ထူးခြားစွာ ဖွင့်ဆိုပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါသည်-



mgyoe.com

mgyoe.com 

၂။ (၁) (ခ) **လယ်ယာမြေ** ဆိုသည်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုသည့် သို့တည်းမဟုတ် လက်ရှိထားသည့် မြေကို ဆိုလိုသည်။

ရှင်းလင်းချက် ၁။ ထိုစကားရပ်တွင် လူအများ အခေါ်အဝေါ်အားဖြင့် လယ်၊ ယာ၊ ကိုင်းမြေဟုသော်လည်းကောင်း၊ ကြက်ပေါင်စေး၊ ဓနိ၊ ဥယျာဉ်ခြံမြေဟူသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ ကျွန်း၊ မြေနုကျွန်းပေါ်ဟုသော်လည်းကောင်း သတ်မှတ်သည့် မြေများ ပါဝင်သည်။

ရှင်းလင်းချက် ၂။ ထိုစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝုဏ်များ၊ အများ ပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေကွက်များ မပါဝင်။

ရှင်းလင်းချက် ၃။ ထိုစကားရပ်တွင် လယ်ယာမြေပေါ်တွင် တည်ရှိနေသည့် အဆောက်အအုံများပါ အကျုံးဝင်သည်။

ရှေးယခင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများပါ လယ်ယာမြေ ဟူသည့် စကားရပ်အတွက် ဖွင့်ဆိုပြဋ္ဌာန်းခဲ့ချက်များနှင့် ကွဲပြားစွာ တစ်မူထူးခဲ့ပါသည်။ ယခုဥပဒေ၏ ဖွင့်ဆိုပြဋ္ဌာန်းချက်အရ မည်သည့်နေရာတွင် တည်ရှိနေသည်ဖြစ်စေ စိုက်ပျိုးလုပ်ကိုင်နေပါက သို့မဟုတ် စိုက်ပျိုးရန် လက်ဝယ်ထားရှိပါက လယ်ယာမြေဟု သတ်မှတ်မည် ဖြစ်ပါသည်။ သစ်တောမြေတွင် ကျူးကျော်စိုက်ပျိုးထားသည်ဖြစ်စေ၊ စားကျက်မြေတွင် ကျူးကျော်စိုက်ပျိုးထားသည်ဖြစ်စေ ဤဥပဒေ အာဏာသက်ရောက်သည့် လယ်ယာမြေဟု သတ်မှတ်မည် ဖြစ်သည်။ ကျူးကျော်မှုအတွက် သက်ဆိုင်ရာဌာနများက သက်ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ခြင်းက တစ်ပိုင်း ဖြစ်ပါသည်။

ထို့ထက် ပိုမို ထူးခြားစေသည်က ရှင်းလင်းချက် (၁) ပါ လူအများ အခေါ်အဝေါ်အားဖြင့် သတ်မှတ်သည့်မြေများ ပါဝင်သည် ဟူသည့်အချက် ဖြစ်ပါသည်။ ကြေးတိုင်စိုက်စဉ်က လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ် ဟူ၍ ကြေးတိုင်မြေမျိုးကြီးများ ခွဲခြား မှတ်တမ်းတင်ခဲ့သည်ကို ပစ်ပယ်ခြင်း မရှိသော်လည်း လက်တွေ့စိုက်ပျိုးနေပြီး ဒေသခံ လူအများက သတ်မှတ်သည့် လယ်၊ ယာ၊ ကိုင်းမြေ၊ ကြက်ပေါင်စေး၊ ဓနိ၊ ဥယျာဉ်ခြံမြေ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ခြံမြေ၊ ကျွန်း၊ မြေနုကျွန်းပေါ် ဟူသည်များကို ဥပဒေက ထပ်မံ အတည်ပြုပေးထားခြင်း ဖြစ်ပါသည်။

ဌာနဆိုင်ရာရှိ မြေအမျိုးအစား မှတ်တမ်းများတွင် ဖော်ပြချက်နှင့် ဒေသခံ ပြည်သူတို့ အသုံးပြုနေမှု ကွဲလွဲပါက ဒေသနေ ပြည်သူတို့က သတ်မှတ်ခေါ်ဝေါ်ချက်ကို အတည်ပြုပေးခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ကြေးတိုင်မြေမျိုးကြီးအရ 'ယာ' ဖြစ်နေစေကာမူ လက်တွေ့တွင် ရေသွင်း၍ စပါး စိုက်နေပြီး ဒေသနေ ပြည်သူတို့က 'လယ်'ဟု ခေါ်ဝေါ်နေကြလျှင် ဥပဒေက 'လယ်'အဖြစ် အတည်ပြုပါသည်။

၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေတွင် အဓိကအကျဆုံး ပြဋ္ဌာန်းချက်မှာ ပုဒ်မ ၃ ဖြစ်ပြီး အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-



mgyoe.com

mgyoe.com
SAMPLE BOOK


၃။ အစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်လယ်ယာမြေကိုမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြား ဖော်ပြထားသည့် နေ့ရက်မှစ၍ သီးစားချထားမည်ဟု ကြေညာနိုင်သည်။ ထိုသို့ ကြေညာသည့်အခါ ထိုလယ်ယာမြေနှင့် သက်ဆိုင်သည့် မြေရှင်၏ သီးစားချနိုင်သည့် အခွင့်အရေးသည် ရပ်စဲရမည်။

ထိုသို့ ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်အတွက် ၁၉၆၃ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗဟိုမြေယာကော်မတီက ထုတ်ဝေခဲ့သည့် 'သီးစားချထားရေးနှင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေများရှင်းတမ်း'စာအုပ်တွင်လည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါသည်။ ယင်းရှင်းတမ်း၏ အပိုဒ် ၃ တွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

၃။ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းရသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း သီးစားခံယူ လုပ်ကိုင်ရသည့် လယ်ယာမြေ မှန်သမျှကို သက်ဆိုင်ရာ မြေရှင်များက သီးစားချထားခြင်း မပြုဘဲ တော်လှန်ရေး အစိုးရကသာလျှင် ဦးစီးကွပ်ကဲ၍ သီးစားချထားရန် ဖြစ်သည်။

ဤရည်ရွယ်ချက်သည် ၁၉၆၀-၁၉၆၁ ခုနှစ်၏ မြေပြင်အခြေအနေများ အောက်ပါအတိုင်း ဖြစ်ပေါ်နေမှုကို အခြေခံပါသည်-

(က) အမှန်စိုက်ပျိုးနေသည့် ဧရိယာ ဧက ၁၅. ၉၇၇ သန်း၊

(ခ) ကိုယ်ပိုင်လယ်ယာ ကိုယ်တိုင်လုပ်သူ တောင်သူလယ်သမားများ ဦးရေ ၁. ၈၉၃ သန်း၊

(ဂ) ကိုယ်ပိုင်လယ်ယာ ကိုယ်တိုင်လုပ်သူ တောင်သူလယ်သမားများ စိုက်ပျိုးသည့် ဧရိယာ ဧက ၈. ၉၉၀ သန်း၊

(ဃ) သီးစားခံယူ လုပ်ကိုင်ရသည့် တောင်သူလယ်သမား ဦးရေ ၁. ၀၁၅ သန်း၊

(င) သီးစားချထား၍ စိုက်ပျိုးနေသည့် ဧရိယာ ၆. ၉၈၆ သန်း။

ဤသည်ကို အခြေပြု၍ ရှင်းတမ်း၏ အပိုဒ် ၇ မှ ၁၁ အထိတွင် အောက်ပါအတိုင်း ဖော်ပြခဲ့ပါသည်-

၇။ တော်လှန်ရေး အစိုးရ၏ ရည်ရွယ်ချက်မှာ မြေယာမှန်သမျှကို နိုင်ငံပိုင် ပြုလုပ်၍ တောင်သူလယ်သမားများအား လုပ်ကိုင်ခွင့်ဖြင့် ဝေငှချထားရန် ဖြစ်သည်။ သို့သော် ပြီးခဲ့သည့် သမိုင်းတစ်လျှောက်လုံးတွင် မြေယာသိမ်း၍ ဝေငှသည့်စနစ် အမျိုးမျိုးကို အင်အားစု အမျိုးမျိုးက ပြုလုပ်ခဲ့သဖြင့် အထူးပင် ရှုပ်ထွေးခဲ့ရာ ထိုရှုပ်ထွေးကို ပိုမို မရှုပ်ထွေးစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် စေ့စေ့စပ်စပ် နက်နက်နဲနဲ ဝေဖန်သုံးသပ်ကာ လုပ်ငန်းစဉ်သစ်တစ်ရပ်ကို ချမှတ်မှသာလျှင် တောင်သူလယ်သမားတစ်ရပ်လုံး အကျိုးရှိပေမည်။ ထို့ကြောင့် အချိန်ယူ၍ လုပ်ကိုင်ရမည် ဖြစ်ပေသည်။

၈။ ထိုသို့ အချိန်ယူ၍ စီစဉ်နေသည့် အတောအတွင်း လက်ငင်းအပူတပြင်း ဖြစ်နေသော သီးစားချထားရေး ပြဿနာကို ရှင်းလင်းပေးရန် လိုပေသည်။ ထို့ကြောင့် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ အာဏာ မတည်သည့် ဒေသတွင် သီးစားချထားသည့် လယ်ယာမြေမှန်သမျှ


mgyoe.com

mgyoe.com  SAMPLE BOOK

ကို မြေရှင်များက သီးစားချထားခြင်း မပြုစေဘဲ တော်လှန်ရေး အစိုးရကသာ ကွပ်ကဲ၍ သီးစားချထားရန် ဖြစ်သည်။

၉။ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေ အာဏာ မတည်သည့်ဒေသတွင် သီးစားချထားသည့် လယ်ယာမြေများကို တော်လှန်ရေး အစိုးရကသာ ကွပ်ကဲ၍ သီးစားချထားရန်ဟု ဆိုရာ၌ မည်သို့သော မြေယာ ပါသနည်းဟု ထပ်မံ ရှင်းလင်းလိုပါသည်။ အောက်ပါ အမည်ပညတ်ဖြင့် ခေါ်ဝေါ်သော မြေယာများ ပါဝင်သည်-

(၁) လယ်မြေ၊ (၂) ယာမြေ၊ (၃) ကိုင်းမြေ၊ (၄) ကြက်ပေါင်စေးစိုက်သည့်မြေ၊ (၅) ဓနိမြေ၊ (၆) ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက် ပန်းမန် စိုက်ပျိုးသည့်မြေ၊ မြေနုကျွန်းပေါ်။

၁၀။ ပြည်နယ်များတွင် သီးစားချထားသည့် မြေအားလုံးသည် ဤဥပဒေတွင် အကျုံးဝင်သည်။

၁၁။ မည်သူပိုင်သည်ဖြစ်စေ သီးစားချထားလျှင် ဤဥပဒေတွင် အကျုံးဝင်သည်။

ဤရှင်းလင်းချက်များအရ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေသည် တစ်နိုင်ငံလုံးသို့ အာဏာသက်ရောက်စေသည် ဖြစ်သော်လည်း လယ်ယာမြေ နိုင်ငံပိုင် အက်ဥပဒေ အာဏာသက်ရောက်မှု မရှိသေးသည့် ဒေသများမှ သီးစားချထားသည့် လယ်ယာမြေများသို့သာ အာဏာသက်ရောက်စေရန် ကနဦး ရည်ရွယ်ချက်ကို တွေ့ရပါသည်။

၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ထိုဥပဒေကို အကောင်အထည်ဖော်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဌာနက ၁၉၆၃ ခုနှစ် မတ်လ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၈၉) ဖြင့် ၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေများကို တစ်ဆက်တည်း ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ပါသည်။ ထိုနည်းဥပဒေများပါ နည်းဥပဒေ ၃ အရ ဗဟိုမြေယာကော်မတီ၊ တိုင်းမြေယာကော်မတီ၊ မြို့နယ်မြေယာကော်မတီ၊ မြို့မမြေယာကော်မတီ၊ ကျေးရွာအုပ်စု မြေယာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုကော်မတီများအနက် မြို့မမြေယာကော်မတီနှင့် ကျေးရွာအုပ်စု မြေယာကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးမှုတွင် တောင်သူလယ်သမားများနှင့် လယ်ယာအလုပ်သမားများဖြင့်သာ ဖွဲ့စည်းစေခဲ့ပါသည်။ တောင်သူလယ်သမားတို့၏ အရေးကို တောင်သူလယ်သမားတို့ကသာ ဆောင်ရွက်မည်၊ မည်သည့်အုပ်ချုပ်ရေးဝန်ထမ်း၊ အစိုးရဝန်ထမ်းမျှ မပါဝင်စေရ ဟူသည့် မူသဘောကို ဖော်ပြနေပါသည်။

ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် မြေယာကော်မတီများ၏ အာဏာများနှင့် လုပ်ငန်းတာဝန်များအတွက် ပြဋ္ဌာန်းရာတွင် နည်းဥပဒေ ၉ ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

၉။ **သီးစားခံယူ လုပ်ကိုင်နေသည့် လယ်ယာမြေများ မှတ်ပုံတင်ခြင်း။** ကျေးရွာအုပ်စု မြေယာကော်မတီသည် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်းတွင်သော်လည်းကောင်း၊ မြို့မ မြေယာကော်မတီသည် မြို့မ နယ်နိမိတ် အတွင်းတွင်သော်လည်းကောင်း သီးစားခံယူ လုပ်ကိုင်သည့် လယ်ယာမြေများအတွက် သီးစားကဖြစ်စေ၊ မြေရှင်ကဖြစ်စေ မှတ်ပုံတင်ရမည်ဟု ဆင့်ဆိုရမည်။

ဤသည်နှင့် တစ်ဆက်တည်း နည်းဥပဒေ ၁၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

 mgyoe.com

mgyoe.com
SAMPLE BOOK


၁၀။ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အငြင်းပွားမှု ဖြစ်လျှင် သက်ဆိုင်သူများအား ကြားနာ၍ သက်ဆိုင်ရာ ကော်မတီက ဆုံးဖြတ်ပြီး မှတ်ပုံတင်ရမည်။

လယ်ယာမြေတစ်ရပ်ကို သီးစားချထားခြင်း ရှိ မရှိ ဟူသည့်အချက်အတွက် မည်သည့် တရားရုံးတွင်မှ အဆုံးအဖြတ်ခံယူရန် မလိုအပ်ဘဲ မြို့မ မြေယာကော်မတီနှင့် ကျေးရွာအုပ်စု မြေယာကော်မတီမှ မိမိတို့ အရပ်ဒေသရှိ လယ်ယာမြေများကို ကောင်းစွာ သိကျွမ်းနေသည့် တောင်သူလယ်သမားများကသာ ဆုံးဖြတ်မည် ဖြစ်ပါသည်။

သီးစားခံယူ လုပ်ကိုင်နေသော လယ်ယာမြေများကို မှတ်ပုံတင်ပြီးနောက် သီးစားချထားခြင်းအတွက် နည်းဥပဒေ ၁၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းပါသည်-

၁၁။ **သီးစားချထားခြင်း။** ကျေးရွာအုပ်စု မြေယာကော်မတီသည် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်းရှိ သီးစားခံယူ လုပ်ကိုင်သော လယ်ယာမြေများကိုသော်လည်းကောင်း၊ မြို့မ မြေယာကော်မတီများသည် မြို့မနယ်နိမိတ်အတွင်းရှိ သီးစားခံယူ လုပ်ကိုင်သော လယ်ယာမြေများကိုသော်လည်းကောင်း အောက်ပါအတိုင်း သီးစားချထားရမည်။

သီးစားချထားရမည့်မူ သတ်မှတ်ချက်များအတွက် နောက်ပိုင်းတွင် ရေးသားတင်ပြပါမည်။

သီးစားချထားရာမှ ပေါ်ပေါက်လာသည့် အမှုအခင်းများအတွက် စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

၁၃။ **အမှုအခင်းများ စစ်ဆေးခြင်း။** ကျေးရွာအုပ်စု မြေယာကော်မတီသည် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း၊ မြို့မ မြေယာကော်မတီသည် မြို့မနယ်နိမိတ်အတွင်းရှိ လယ်ယာမြေ အသီးသီးနှင့် ပတ်သက်၍ အမှုအခင်း ဖြစ်ပွားလျှင် အောက်ပါအမှုအခင်းများကိုသာ လက်ခံရမည်-

လယ်ယာမြေ သီးစားချထားရေးကိစ္စနှင့်ပတ်သက်၍ မပြီးပြတ်ပဲ အဆင့်ဆင့်သော မြေယာ ကော်မတီဟောင်းများတွင်သော်လည်းကောင်း၊ အစိုးရ၏ ဌာနများတွင်သော်လည်းကောင်း ကျန်ရှိနေသည့် အမှုများကို ဆက်လက်၍ အရေးယူတော့မည် မဟုတ်။ ထို့ကြောင့် အဆိုပါ မပြီးမပြတ် ကျန်ရှိနေသည့် အမှုများနှင့် ပတ်သက်၍ သက်ဆိုင်သူ တစ်ဦးဦးက ၎င်း၏ ဆန္ဒအရ အမှုကို ပြန်လည် ဖွင့်လှစ်လိုလျှင် သက်ဆိုင်ရာ ကျေးရွာအုပ်စု မြေယာကော်မတီတွင်သော်လည်းကောင်း၊ မြို့မ မြေယာကော်မတီတွင်သော်လည်းကောင်း အမှုသစ် ဖွင့်လှစ်ရန် လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားသည့် အမှုများကို လက်ခံရမည်။

ဤပြဋ္ဌာန်းချက်အတွက် နောက်ပိုင်းတွင် တင်ပြပါမည်။

၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေသည် ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်ခြင်း မပြုဘဲ မိမိတို့ပိုင် လယ်ယာမြေများကို လယ်မဲ့ယာမဲ့တို့ထံ သီးစားချစားနေသည့်အပေါ် မြေရှင်များ၏ သီးစားချထားခွင့်ကို ပယ်ဖျက်ပြီး အစိုးရက ဖွဲ့စည်းတာဝန်ပေးသည့် မြို့မနှင့် ကျေးရွာအုပ်စု မြေယာကော်မတီများကသာ သီးစားချထားရန် ပြဋ္ဌာန်းခဲ့သည် မှန်သော်လည်း မြေရှင်တို့အပေါ် လျစ်လျူရှုခြင်း မပြုခဲ့ပါ။ ဥပဒေ၏ ပုဒ်မ ၂ (၁) (စ) တွင် 'မြေရှင်' ဟူသည့် စကားရပ်ကို အောက်ပါအတိုင်း ဖွင့်ဆို ပြဋ္ဌာန်းခဲ့ပါသည်-


mgyoe.com

mgyoe.com SAMPLE BOOK


**မြေရှင်** ဆိုသည်မှာ မြေနှင့်အခွန် အက်ဥပဒေ သို့တည်းမဟုတ် မြန်မာနိုင်ငံ အထက်ပိုင်း မြေနှင့် အခွန် ရက်ဂူလေးရှင်း ဥပဒေအရ လယ်ယာမြေကို လက်ဝယ် ထားရှိနိုင်သည့် သို့တည်းမဟုတ် ပိုင်ဆိုင်သည့် အခွင့်အရေး ရသော ပုဂ္ဂိုလ်ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ ဆိုလိုသည်။ ထိုစကားရပ်တွင် မြေရှင်၏ ကိုယ်စားလှယ် ပါဝင်သည်။

ဤဖွင့်ဆို ပြဋ္ဌာန်းချက်အရ အောက်မြန်မာပြည်အတွက် မြေနှင့်အခွန် အက်ဥပဒေအရ မြေကို လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေး (Landholder's right) ရရှိထားသူနှင့် အထက်မြန်မာပြည်အတွက် အထက်မြန်မာပြည် မြေနှင့် အခွန် စည်းမျဉ်းဥပဒေအရ အသိအမှတ်ပြုသည့် ဘိုးဘပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့် ရှိသူတို့ကို မြေရှင်အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

ထိုမြေရှင်များအတွက် မြေတွင် အခွင့်အရေးအတွက် ပုဒ်မ ၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

> ၅။ သီးစား တစ်ဦးဦးသည် မိမိ သီးစား လုပ်ကိုင်သည့် မြေတစ်ခုခုတွင် သာမန် လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း လယ်ကန်သင်း၊ ရေမြောင်း၊ ရေတွင်း၊ ရေကန် စသည် မပျက်စီးသင့်ဘဲ ပျက်စီးသည့်အတွက် မြေရှင်၏အကျိုးကို ဆုတ်ယုတ်စေလျှင် သတ်မှတ်သည့် လျော်ကြေးကို မြေရှင်အား ပေးအပ်ရမည်။

လယ်ယာမြေတွင် စိုက်ပျိုးနေသည့် လယ်သမားသည် ကျေးရွာအုပ်စု မြေယာကော်မတီက သီးစားချထားမှုကြောင့်သာ စိုက်ပျိုးနေရသည် ဖြစ်ပြီး မြေကို ပိုင်သူ မဟုတ်ပါ။ ထိုကြောင့် ပေါ့ဆမှုကြောင့် လယ်ကန်သင်း၊ ရေမြောင်း၊ ရေတွင်း၊ ရေကန် စသည်တို့ မပျက်စီးသင့်ဘဲ ပျက်စီးလျှင် မြေရှင်သို့ လျော်ကြေး ပေးရမည် ဖြစ်ပါသည်။

သီးစားချထားမှုတွင် သီးစားခ ပေးရန်အတွက် ဥပဒေကို ကနဦး ပြဋ္ဌာန်းစဉ်က ပုဒ်မ ၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့ပါသည်-

> ၄။ (၁) လယ်ယာမြေများပေါ်တွင် အစိုးရ ချထားသော သီးစားများသည် သို့တည်းမဟုတ် မြေရှင်များ ချသော သီးစားများ ရှိလျှင် ထိုသီးစားများသည် မြေရှင်အား သီးစားခကို အောက်ပါနှုန်းများအတိုင်း ပေးရမည်။

ထိုသို့ ကနဦး ပြဋ္ဌာန်းခဲ့သည် ဖြစ်သော်လည်း ၁၉၆၅ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြင့် အဆိုပါ ပုဒ်မ ၄ တစ်ရပ်လုံးကို အောက်ပါအတိုင်း ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်-

> ၄။ လယ်ယာမြေများပေါ်တွင် အစိုးရက ချထားသော သီးစားများသည် သို့တည်းမဟုတ် မြေရှင်များက ချထားသော သီးစားများ ကျန်ရှိနေသေးလျှင် ထိုသီးစားများသည် မြေရှင်အား သီးစားခ ပေးရန် မလို။


mgyoe.com

mgyoe.com
SAMPLE BOOK


ထိုသို့ ဥပဒေ ပြင်ဆင်ချက်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဌာနက ၁၉၆၅ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ကြေညာချက် အမှတ် (၁) အဖြစ် သီးစားခများကို ဖျက်သိမ်းလိုက်ခြင်း အတွက် ထုတ်ပြန်ခဲ့ပါသည်။ သီးစားချထားရေး ဥပဒေဖြင့် မြေရှင်၏ သီးစားချခွင့်ကို ဖျက်သိမ်းခဲ့သော်လည်း ၁၉၆၃ ခုနှစ် မြေပြင်အခြေအနေအမှန်တွင် မြေရှင်ပေါင်း သုံးသိန်းကျော်သည် သီးစားခ ကျပ်သိန်းပေါင်း ၁၃၀ မျှ ရယူခံစားနေသည်ကို တွေ့ရသဖြင့် ဤသို့ ပြဋ္ဌာန်းခြင်း ဖြစ်ကြောင်း ရှင်းလင်းဖော်ပြခဲ့ပါသည်။ ဤသို့ဖြင့် မြေရှင်များသို့ သီးစားခ ပေးရသည့်စနစ် လုံးဝချုပ်ငြိမ်းခဲ့ပါသည်။

၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ ဗဟိုမြေယာကော်မတီက ၁၉၆၃ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် ‘သီးစားချထားရေးနှင့် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေများ ရှင်းတမ်း’စာအုပ်တွင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ အာဏာသက်ရောက်ခြင်း မရှိသေးသည့် ဒေသများမှ သီးစားချထားနေသည့် လယ်ယာမြေများအပေါ် ကျင့်သုံးရန်ဟု ဆိုခဲ့သော်လည်း သီးစားချထားနေသည့် ဒေသ၊ လယ်ယာမြေ နိုင်ငံပိုင် ဆောင်ရွက်ပြီးသည့် ဒေသနှင့် နယ်သစ်ဖွင့်ဒေသများသို့ပါ သက်ရောက်လာစေခဲ့ပါသည်။ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကို မြေယာကော်မတီများ ဖွဲ့စည်း၍ လက်တွေ့ကျင့်သုံး အကောင်အထည် ဖော်သည့်အခါ သီးစား မှတ်ပုံတင်စာရင်း စာအုပ်တွင် ကိုယ်ပိုင်မြေ ကိုယ်တိုင် လုပ်ကိုင်သည့် တောင်သူလယ်သမားများရော သီးစားခံယူ လုပ်ကိုင်သည့် တောင်သူလယ်သမားများပါ မိမိတို့၏ လက်ရှိလက်ငုတ် လုပ်ကွက်များကို မှတ်ပုံတင်ကြရပါသည်။ ဤသို့ မှတ်ပုံတင် ထားရှိခြင်းအားဖြင့် လယ်ယာမြေ စီးပွားရေးစစ်တမ်း ကောက်ယူနိုင်ရန် လွယ်ကူစေသည် သာမက လယ်ယာမြေ လက်ငုတ်ပြတ်ခြင်း၊ စည်းကမ်းပျက်ခြင်းများကိုလည်း ဖော်ထုတ်အရေးယူနိုင်ရန် ရည်ရွယ်သည်ဟု ဆိုခဲ့ကြပါသည်။

ထိုကဲ့သို့ ကိုယ်ပိုင်မြေ ကိုယ်တိုင် လုပ်ကိုင်သည့် တောင်သူလယ်သမားများရော သီးစားခံယူ လုပ်ကိုင်သည့် တောင်သူလယ်သမားများပါ သီးစားမှတ်ပုံတင်တွင် မှတ်ပုံတင်၍ မြို့မနှင့် ကျေးရွာ အုပ်စု မြေယာကော်မတီများ၏ သီးစားချထားမှုအရ လုပ်ကိုင်လာကြသည့်အခါ ၁၉၆၃ ခုနှစ် သီးစား ချထားရေး ဥပဒေ၏ ပုဒ်မ ၆ ပါ အောက်ပါ ပြဋ္ဌာန်းချက်ကို စတင် ရင်ဆိုင်ရပါတော့သည်-

> ၆။ အစိုးရသည် မိမိ သီးစားချထားသော လယ်ယာမြေများ စိုက်ပျိုးလုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ သီးစားများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

ဤပြဋ္ဌာန်းချက်အရ သီးစားချထားမှုအရ လယ်ယာမြေတွင် စိုက်ပျိုးလုပ်ကိုင်နေသူ မည်သူမဆို အစိုးရက သတ်မှတ်သည့် စည်းကမ်းများအတိုင်းသာ လိုက်နာ ဆောင်ရွက်ရပါတော့သည်။

ထိုနည်းတူစွာပင် သီးစားအဖြစ် မှတ်ပုံတင်ပြီး စိုက်ပျိုးလုပ်ကိုင်မှုအတွက် ပုဒ်မ ၁၀ ပါ အောက်ပါ ပြဋ္ဌာန်းချက်၏ အန္တရာယ်ကိုလည်း ကြုံကြရပါတော့သည်-

> ၁၀။ မည်သူမဆို ပုဒ်မ ၇ အရ အာဏာလွှဲအပ်ခြင်းခံရသော သို့တည်းမဟုတ် ထပ်မံ အာဏာ လွှဲအပ်ခြင်းခံရသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက မိမိအား သီးစားချထားသော လယ်ယာ


mgyoe.com

မြေကို လုံလောက်သော အကြောင်းမရှိဘဲ စိုက်ပျိုး လုပ်ကိုင်ရန် ပျက်ကွက်လျှင်သော် လည်းကောင်း၊ အခြားသူ တစ်ဦးဦးအား တစ်ဆင့် သီးစားချထားလျှင်သော်လည်းကောင်း ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

လယ်ယာမြေကို ပိုင်ဆိုင်မှုအပေါ် အခြေပြု၍ စိုက်ပျိုးလုပ်ကိုင်ရသည် မဟုတ်ဘဲ အစိုးရက သီးစားချထားမှုအရ စိုက်ပျိုးနေရသည် ဖြစ်ပေရာ ခိုင်လုံသောအကြောင်းပြချက် မပေးနိုင်ဘဲ စိုက်ပျိုးရာသီအလိုက် စိုက်ပျိုးရန် ပျက်ကွက်လျှင်ဖြစ်စေ၊ မိမိကိုယ်တိုင် မစိုက်ပျိုးနိုင်သည့် အခြေအနေကြောင့် အခြားသူတစ်ဦးဦးကို အငှားချထား စိုက်ပျိုးစေလျှင်ဖြစ်စေ ထောင်ဒဏ်၊ ငွေဒဏ်များကို ရင်ဆိုင်ကြရပါတော့သည်။

ထို့ထက် ပိုမို ဆိုးဝါးစေသည့် ပြဋ္ဌာန်းချက်မှာ ပုဒ်မ ၁၂ ၏ ပြဋ္ဌာန်းချက် ဖြစ်ပြီး အောက်ပါ အတိုင်း ပြဋ္ဌာန်းထားပါသည်-

၁၂။ မည်သူမဆို ဤဥပဒေနှင့်အညီ သို့တည်းမဟုတ် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် အညီ ထုတ်ဆင့်သော အမိန့် တစ်ခုခုကို ဆန့်ကျင်လျှင်သော်လည်းကောင်း၊ လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း ခြောက်လအထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သုံးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ မြေယာကော်မတီများ၊ စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့များက စိုက်ပျိုးရာသီအလိုက် နွေမိုးဆောင်း စိုက်ပျိုးရမည့် သီးနှံ၊ စိုက်ပျိုးရမည့် နည်းလမ်းများကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်စပါးကို တာဝန်ကျေစွာ ရောင်းချရန် ပျက်ကွက်လျှင်သော်လည်းကောင်း ထောင်ဒဏ်၊ ငွေဒဏ်များနှင့် ရင်ဆိုင်ရပါသည်။

၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ၊ နည်းဥပဒေတို့ အာဏာသက်ရောက်နေသည့် ကာလအတွင်း လယ်ယာမြေကို အမွေဆက်ခံခြင်း၊ အမွေခွဲဝေခြင်း ကိစ္စများကို တင်ပြပါမည်။ သီးစားချထားရေး နည်းဥပဒေ၏ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က) ပါ အောက်ပါ ပြဋ္ဌာန်းချက်ကို သတိပြုမိခဲ့သူ နည်းပါးခဲ့ပါသည်-

၁၁။ ကျေးရွာအုပ်စု မြေယာကော်မတီသည် ကျေးရွာအုပ်စု နယ်နိမိတ်အတွင်း သီးစား ခံယူလုပ်ကိုင်သော လယ်ယာမြေများကိုသော်လည်းကောင်း၊ မြို့မ မြေယာကော်မတီများသည် မြို့မ နယ်နိမိတ်အတွင်းရှိ သီးစားခံယူ လုပ်ကိုင်သော လယ်ယာမြေများကိုသော်လည်းကောင်း အောက်ပါအတိုင်း သီးစားချထားပေးရမည်-

(က) လက်ရှိ လက်ငုတ် လုပ်ကိုင်နေသူများ မရှိလျှင် သို့တည်းမဟုတ် လက်ရှိ လက်ငုတ် လုပ်ကိုင်နေသူများက ဆက်လက် လုပ်ကိုင်ရန် ငြင်းဆိုလျှင် သို့တည်းမဟုတ် လုပ်ကိုင်ရန် ပျက်ကွက်၍ လယ်ယာမြေကို ပြန်လည်သိမ်းယူရလျှင် အောက်ပါအတိုင်း သီးစား ချထား ရမည်-



mgyoe.com

mgyoe.com

SAMPLE BOOK



(၁) နေ့စားအလုပ်သမား၊ သူရင်းငှားများ အပါအဝင် လယ်ယာအလုပ်သမားကို ၎င်းတို့တွင် အဆင်းရဲဆုံးသူကို ပထမ၊ အချမ်းသာဆုံးသူကို နောက်ဆုံးထား၍ ဆင်းရဲချမ်းသာအလိုက် တန်းစီစာရင်း ပြုလုပ်ရမည်။

(၂) လယ်ယာမြေကို မလုံမလောက် လုပ်ကိုင်နေရသည့် သီးစားများကို ၎င်းတို့အထဲတွင် လယ်ယာအချို့တဲ့ဆုံးသူကို ပထမ၊ အများဆုံး လုပ်သူကို နောက်ဆုံးထား၍ ဆင်းရဲချမ်းသာအလိုက် တန်းစီစာရင်း ပြုလုပ်ရမည်။

(၃) သီးစား ချထားရန်ရှိသော လယ်ယာမြေကို အထက်အပိုဒ်ခွဲ (၁) ပါ လယ်ယာအလုပ်သမားစာရင်းတွင် ပါဝင်သူများနှင့် အထက်အပိုဒ်ခွဲ (၂) ပါ သီးစားစာရင်းတွင် ပါဝင်သူများ စုပေါင်း၍ လုပ်ကိုင်လိုလျှင်သော်လည်းကောင်း၊ အထက်အပိုဒ်ခွဲ (၂) ပါ သီးစားစာရင်းတွင် ပါဝင်သူများ စုပေါင်း၍ လုပ်ကိုင်လိုလျှင်သော်လည်းကောင်း ထိုသူများကို စုပေါင်း၍ သီးစားချထားရမည်။

(၄) အထက်အပိုဒ်ခွဲ (၃) အတိုင်း မဖြစ်မြောက်လျှင် အထက်အပိုဒ်ခွဲ (၁) ပါ လယ်ယာအလုပ်သမားစာရင်းမှ အစီအစဉ်အလိုက် တစ်ဦးစီကို ကြည့်၍ သီးစားချထားရန်ရှိသော လယ်ယာမြေကို ထွန်ယက် စိုက်ပျိုးနိုင်ရန် အင်အားရှိသည့် ပထမဦးဆုံးသောသူကို သီးစားချထားရမည်။ အထက် အပိုဒ်ခွဲ (၁) ပါ လယ်ယာ အလုပ်သမားစာရင်းတွင် ထိုသို့ လုပ်ကိုင်နိုင်သူ မရှိလျှင် အထက်အပိုဒ် (၂) ပါ သီးစားစာရင်းမှ အစီအစဉ်အလိုက် တစ်ဦးစီကို ကြည့်၍ သီးစားချထားရန် ရှိသော လယ်ယာမြေကို ထွန်ယက်စိုက်ပျိုးနိုင်ရန် အင်အားရှိသည့် ပထမဦးဆုံးသောသူကို သီးစား ချထားရမည်။

ဤနည်းဥပဒေ ပြဋ္ဌာန်းချက်ပါ 'လက်ရှိလက်ငုတ် လုပ်ကိုင်နေသူများ မရှိလျှင်' ဟူသည့် စကားရပ်ကို အလေးဂရုပြုရန် လိုအပ်ပါသည်။ ထိုစကားရပ်၏ သဘောကို ဖွင့်ဆိုရလျှင် သီးစားချထားရေးကော်မတီက သီးစားချထားမှုအရ စိုက်ပျိုးလုပ်ကိုင်နေသူ ကွယ်လွန်သွားခြင်း သို့မဟုတ် အခြားဒေသသို့ ပြောင်းရွှေ့သွားခြင်းတို့ကို သိမြင်နိုင်မည် ဖြစ်ပါသည်။ ထိုအတွက် သီးစားချထားမှုအရ လုပ်ကိုင်နေသူ မိဘ သေဆုံးလျှင် ဟူသည်ကို စဉ်းစားရန် လိုအပ်ပါသည်။ ဤနည်းဥပဒေ ပြဋ္ဌာန်းချက်အရ ကွယ်လွန်သူ သီးစား လယ်သမား လုပ်ကိုင်ခဲ့သည့် လယ်ယာမြေကို ထိုသူ၏ သားသမီးများသို့ ဆက်လက် သီးစားချထားရန် လုံးဝ မပါရှိပါ။ သွေးသားတော်စပ်မှု မရှိသည့် အခြားသော လယ်ယာမဲ့ လယ်ယာအလုပ်သမားများ သို့မဟုတ် လယ်ယာမြေကို မလုံမလောက် လုပ်ကိုင်နေရသည့် သီးစားများကိုသာ သီးစားချထားရန် ဖြစ်ပါသည်။ အကယ်၍ သီးစားချထားခံရသူ မိဘ လုပ်ကိုင်သည့် လယ်ယာမြေကို မိဘများ သက်ရှိထင်ရှားရှိစဉ် လယ်ယာလုပ်ငန်းခွင်တွင် မိဘများနှင့်အတူ ပူးပေါင်းလုပ်ကိုင်ခဲ့ပါမူ ထိုသူတို့ကို ပူးတွဲလက်ငုတ်ဟု သတ်မှတ်ပါသည်။ ဤတွင် လက်ရှိလက်ငုတ် လုပ်ကိုင်နေသော မိဘများ ကွယ်လွန်သွားစေကာမူ ပူးတွဲလက်ငုတ် ရှိနေသေးပါသည်။ ထိုအတွက် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူများ မရှိလျှင် ဆိုသော်လည်း ထိုသို့ မိဘများနှင့် ပူးတွဲလုပ်ကိုင်ခဲ့သည့် သားသမီးကို ဆက်လက်၍ သီးစားချထားခြင်းပြုရန် ဖြစ်ပါသည်။ သားရင်း၊ သမီးရင်းများ ဖြစ်စေ



mgyoe.com

mgyoe.com 

ကာမူ မိဘများနှင့်အတူ ပူးပေါင်း၍ ပူးတွဲလက်ငုတ်အဖြစ် ဆောင်ရွက်ခဲ့ခြင်း မရှိပါက ထိုသူတို့သည် မိဘများ သီးစားခံယူ လုပ်ကိုင်နေသည့် လယ်ယာမြေအတွက် တောင်းဆိုခွင့် လုံးဝ မရှိပါ။ လက်ရှိ လက်ငုတ် ဖြစ်သည့် မိဘများသည်ပင်လျှင် အစိုးရ၏ကိုယ်စား ကျေးရွာအုပ်စု မြေယာကော်မတီက သီးစားချထားပေးခြင်းကြောင့် သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များအရ လုပ်ကိုင်နေရသည် ဖြစ်ပါသည်။ ပိုင်ဆိုင်မှု လုံးဝ မရှိပါ။ ထိုသို့ မပိုင်သည့် လယ်ယာမြေကို အမွေခွဲဝေရန်လည်း အကြောင်း မပေါ်ပေါက်ပါ။

၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေအရ လယ်ယာမြေသည် အမွေဆက်ခံခွင့်ရှိသော ပစ္စည်း မဟုတ်ဟု ဆိုသည့်အပေါ် အချို့သော ဥပဒေ ပညာရှင်များက ယင်းဥပဒေတွင် မြေရှင် ဟူသည်ကို အသိအမှတ် ပြုထားခြင်းနှင့် မြေရှင်၏ အကျိုးကို ကာကွယ်ပေးသည့် ပြဋ္ဌာန်းချက်များ ပါရှိနေသည်၊ ကွယ်လွန်သူသည် မြေရှင် ဟူသည့် စကားရပ် ဖွင့်ဆိုသတ်မှတ်ချက်တွင် အကျုံးဝင်ပါက ကျန်ရစ်သူ သားသမီးများအတွက် အမွေဆိုင်ပစ္စည်း ဖြစ်လာမည်ဟု ဆိုကြပါသည်။ မှန်ပါသည်။ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေတွင် မြေရှင် ဟူသည်ကို အောက်ပါ ပုဂ္ဂိုလ်များကို သတ်မှတ်ပါသည်-

(က) အောက်မြန်မာပြည်တွင် မြေနှင့် အခွန် အက်ဥပဒေအရ မြေကို လက်ဝယ်ထားပိုင်ခွင့် ရရှိသူ၊

(ခ) အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေအရ ဘိုးဘပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့် ရရှိသူ။

သို့ရာတွင် ထိုအခွင့်အရေးနှင့် ပိုင်ဆိုင်ခွင့်များကို ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ်ကာလ ကွယ်လွန်သူ၏ ဘိုးဘေးများ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်အပေါ် မြေနှင့် အခွန် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မြေစာရင်းဌာန စာရင်းမြေပုံများတွင် ကွယ်လွန်သူ၏ အမည်ပေါက် ပြောင်းလဲ မှတ်တမ်းတင်ခဲ့မှု ရှိ မရှိ ပြန်လှန်မေးမြန်းသော် မည်သို့ ရှိမည်နည်း။ အကယ်၍ ကွယ်လွန်သူ အမည်ပေါက် မှတ်တမ်းတင်ထားလျှင်ပင် အမွေခံများသည် အမွေဆက်ခံရရှိမည့် မြေကို သီးစားချထားရေး ဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့် မရှိ၊ သီးစားချခွင့် မရှိ၊ သီးစားခ ခံစားခွင့် မရှိသည့်အပြင် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေအရ လွှဲပြောင်း ရောင်းချခွင့်လည်း မရှိသည့် ရလဒ်ကို ရရှိမည့်အပေါ် ရှေ့နေစရိတ်၊ တရားရုံးစရိတ်များ ကျခံ၍ တရားတစ်ထုံး စွဲဆိုမည့်သူလည်း မပေါ်ပေါက်နိုင်ပါ။

ထို့ပြင် ကာလ စည်းကမ်းသတ် အက်ဥပဒေ ပြဋ္ဌာန်းချက်များကိုလည်း မျက်ကွယ် မပြုမိရန် လိုအပ်ပါသည်။ ယင်းအက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (၅) တွင် သုံးစွဲခွင့် ဟူသည့် စကားရပ်အတွက် အောက်ပါအတိုင်း ဖွင့်ဆိုပြထားပါသည်-

၂။ (၅) သုံးစွဲခွင့် ဆိုရာတွင် ပဋိညာဉ်အရ ပေါ်ပေါက်လာသော အခွင့်အရေး မဟုတ်ဘဲ တစ်ဦး တစ်ယောက်သောသူက သူတစ်ပါးပိုင်သောမြေ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထိုမြေတွင်


mgyoe.com

mgyoe.com
SAMPLE BOOK


ပေါက်နေသော သို့မဟုတ် စွဲကပ်နေသော သို့မဟုတ် တည်ရှိနေသော အရာကိုဖြစ်စေ ဖယ်ရှားရန်နှင့် မိမိအကျိုးအမြတ်အတွက် သုံးစွဲနိုင်သော အခွင့်အရေးတို့ ပါဝင်သည်။

ဤဖွင့်ဆိုချက်အရ သုံးစွဲခွင့် ဟူသည် မြေနှင့် သက်ဆိုင်နေသည်ကို တွေ့ရပါမည်။

ကာလ စည်းကမ်းသတ် အက်ဥပဒေတွင် သုံးစွဲခွင့် ဟူသည်အတွက် ပုဒ်မ ၂၆ တွင် အခြားအကြောင်းအချက်များ နုတ်၍ ကောက်နုတ်တင်ပြရလျှင် အောက်ပါအတိုင်း တွေ့ရပါမည်-

၂၆။ (၁) ထိုပြင် မည်သည့်လမ်းကြောင်းကိုမဆို သို့မဟုတ် ရေစီးကြောင်းကိုမဆို သို့မဟုတ် ရေ သုံးစွဲခြင်းကိုမဆို သို့မဟုတ် အခြား ရယူ ပိုင်ဆိုင်သော သို့မဟုတ် တားမြစ်ပိုင်သော သုံးစွဲခြင်းကိုမဆို သုံးစွဲခွင့်အနေဖြင့်လည်းကောင်း၊ အခွင့်အရေးအနေဖြင့်လည်းကောင်း ပိုင်ဆိုင်ခွင့်ရှိသည်ဟု တောင်းဆိုသောသူတစ်ဦးဦးက နှစ်ပေါင်း နှစ်ဆယ် အဆက်မပြတ် အနှောင့်အယှက်မရှိ အေးချမ်းစွာ အထင်အရှား ခံစားခဲ့ရသည့်ကိစ္စ၊

အဆိုပါ အလင်းရောင် သို့မဟုတ် လေ၊ လမ်းကြောင်း၊ ရေစီးကြောင်းတို့၏ အဝင်အထွက်နှင့် သုံးစွဲခွင့်၊ ရေသုံးစွဲခွင့် သို့မဟုတ် အခြားသုံးစွဲခွင့်တို့ကို ခံစားရန် အခွင့်အရေးသည် အကြွင်းမဲ့ ဖြစ်သည့်အပြင် ပျက်ပြားခြင်း မရှိသော အခွင့်အရေး ဖြစ်သည်။

ဤပြဋ္ဌာန်းချက်ကို လယ်ယာမြေအတွက် နှိုင်းယှဉ်း စဉ်းစားလျှင် မြေရှင်က ပိုင်ဆိုင်၍ စီမံခန့်ခွဲခွင့်ရှိသော လယ်ယာမြေကို အစိုးရ၏ကိုယ်စား ကျေးရွာအုပ်စု မြေယာကော်မတီက သီးစားချခြင်း ပြုနေသည့်အပေါ် မြေရှင်က နှစ်ပေါင်း ၂၀ အတွင်း အနှောင့်အယှက်မရှိဘဲ အေးချမ်းစွာ အထင်အရှား ဆောင်ရွက်ခဲ့သည့်အပေါ် ၁၉၆၃ ခုနှစ်မှ စတင်၍ ၁၉၈၃ ခုနှစ်သို့ ရောက်ရှိသည့်အခါ အဆိုပါ လယ်ယာမြေအပေါ် အခွင့်အရေးသည် အစိုးရထံ ရောက်ရှိသွားပြီ ဖြစ်ပါသည်။ အမွေစကား ဆိုရန် အကြောင်းမမြင်တော့ပါ။ ဓားမဦးချလယ်၊ ဘိုးဘပိုင်လယ် ဟူ၍ ဆိုရန် မရှိတော့ပါ။ အလားတူပင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၅ (ခ) အရ နိုင်ငံတော်သမ္မတက သိမ်းယူကြောင်း ကြေညာခဲ့သည့် ဒေသများတွင်လည်း ပုဒ်မ ၅ (ဂ) အရ အဆိုပါ အခွင့်အရေးများ ပျက်ပြားသွားခဲ့ပြီ ဖြစ်ပါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ အာဏာတည်ဆဲဖြစ်သော်လည်း လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးဌာန၊ ကျေးလက်ကြီးပွားရေးဌာနစု (၁) အနေဖြင့် ၂၆-၇-၁၉၆၃ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး မြေယာကော်မတီများကို ဖျက်သိမ်းပြီး ၎င်းတို့၏အာဏာကို ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေအရ ဖွဲ့စည်းသည့် မြေယာကော်မတီများသို့ လွှဲအပ်ခဲ့ပါသည်။ သို့ဖြစ်၍ သီးစားချထားရေး ဥပဒေ၊ နည်းဥပဒေတို့ကို အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းထားသော မြေယာကော်မတီ အဆင့်ဆင့်သည် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေအရ လုပ်ပိုင်ခွင့်အပြင် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ ဖွဲ့စည်းထားခဲ့သော မြေယာကော်မတီ အဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များကိုပါ ရရှိခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၂၁) ဖြင့် ပြင်ဆင်ချက်များ ထုတ်ပြန်ခဲ့ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

(၂)

# သီးစားချထားရေး ဥပဒေနှင့် ပြည်သူ့ကောင်စီ

အထက်ပါကဲ့သို့ ဆောင်ရွက်ရာမှ ၁၉၇၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်ပြု ပြဋ္ဌာန်းပြီး ပြည်သူ့ကောင်စီများ ပေါ်ပေါက်လာသည့်အခါ ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေဖြင့် အပ်နှင်းသည့်အခါ လယ်ယာမြေ စီမံခန့်ခွဲမှု များအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များသို့ ပုဒ်မ ၁၁၃ တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသည် စိုက်ပျိုး မွေးမြူရေးနှင့် စပ်လျဉ်း၍ စီးပွားရေး အခြေခံ ယူနစ်များ ဖြစ်သည့်အားလျော်စွာ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာမြေ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များ ရှိသည်ဟု နိဒါန်းပျိုးလျက် အောက်ပါ လုပ်ပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေ ရည်ညွှန်းချက်များဖြင့် အပ်နှင်းခဲ့ပါသည်-

(က) လယ်ယာမြေ လုပ်ပိုင်ခွင့် ချထားခြင်း (၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေ ပုဒ်မ ၃၊ နည်းဥပဒေ ၁၁)၊

(ခ) မြေနုကျွန်း လုပ်ပိုင်ခွင့် ချထားခြင်း (၁၉၆၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ ၁၆)၊

(ဂ) ကွဲနွား စားကျက်နှင့် ရွာဘုံမြေများ ထိန်းသိမ်းခြင်း [၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၄၀၊ အထက်မြန်မာပြည် မြေနှင့် အခွန် နည်းဥပဒေ အခန်း ၁၀ (က)၊ ၁၁]

(ဃ) လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုများကို လက်ခံ၍ စစ်ဆေးခြင်း၊ အဆုံးအဖြတ် ပေးခြင်း (၁၉၆၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေ ၁၄)၊

(င) သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့် မရဘဲ လယ်ယာမြေပေါ်တွင် ကျူးကျော်ဆောက် လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း၊ ဖယ်ရှားစေခြင်း (၁၉၅၃ ခုနှစ်



mgyoe.com